# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၄)ရက် ၊ သောကြာနေ့ ၊ (3-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိလာသည့် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတက သမ္မတအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၁၉ ကော်လံ ၁



### ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးစဉ်။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား စာမျက်နှာ - ၂၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ စာမျက်နှာ - ၂၁

## ပုသိမ်မြို့၌ ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးသရုပ်ပြပွဲ ကျင်းပ



ပုသိမ် ဇူလိုင် ၂

ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမရှေ့ ရှုခင်းသာရေပြင်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရေကြီး၊ ရေလျှံမှုဖြစ်စဉ်တွင် ဘေးဒုက္ခရောက်ရှိနေသော ပြည်သူများကို အရေးပေါ်ကူညီကယ်ဆယ်ရွှေ့ပြောင်းမှုသရုပ်ပြသမှု၊


စာမျက်နှာ ၂၇ ကော်လံ ၁

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်း-အနောက် ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နေပြီး အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




### နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၃ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၂၇ ကော်လံ ၄

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်

## အယ်ဒီတာ့အာဘော်

# တို့များအလေးထား မြန်မာအမျိုးသမီးများ၏ စွမ်းရည်၊ စွမ်းပကား

ဇူလိုင် ၃ ရက်(ယနေ့)သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။ ဘေဂျင်းကြေညာစာတမ်းအရ အမျိုးသမီးများအားလုံးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ထိုနေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများ၏စွမ်းပကားများကို အသိအမှတ်ပြုတန်ဖိုးထားသည့်အနေဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၈ ခုနှစ်မှစတင်ကာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ကျင်းပခဲ့သည်။ ထို့ပြင် အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိရန်၊ ခွဲခြားဆက်ဆံမှုကင်းဝေးစေရန်၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအသီးသီးကြား ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့အမျိုးသမီးညီလာခံများကိုလည်း ကျင်းပသည်။

အမျိုးသမီးများ၏စွမ်းဆောင်ရည်များ၊ စွမ်းပကားများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကသော့ချက်မှာ စာတတ်မြောက်မှုဖြစ်သည်။ အမျိုးသမီးစာတတ်မြောက်မှုနှုန်းတိုးမြင့်ခြင်းသည် ကျား၊ မ တန်းတူညီမျှရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအချက်ဖြစ်သည်။ အနာဂတ်၏ မျိုးဆက်သစ်ရတနာများကို မွေးထုတ်ပေးနိုင်သည့်အမျိုးသမီးများအနေဖြင့် စာတတ်မြောက်ရန်လိုပေသည်။ စာတတ်မြောက်သော မိခင်တစ်ဦးသည် ၎င်း၏သားသမီးများကို ပြုစုပျိုးထောင်ရာတွင် အမှားအမှန်ဝေဖန်ပိုင်းခြား၍ မှန်ကန်သောနည်းလမ်းဖြင့် ပျိုးထောင်နိုင်မည်ဖြစ်ရာ တိုင်းပြည်၏အနာဂတ်အတွက် တန်ဖိုးရှိလှသော လူတော်လူကောင်းမျိုးဆက်သစ်များ တိုးပွားလာမည်ဖြစ်သည်။

အတန်းပညာမသင်ယူနိုင်သည့်အမျိုးသမီးများအတွက် ၎င်းတို့၏ဘဝ ရေရှည်ရပ်တည်နိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရန်ပံ့ပိုးပေးရမည်ဖြစ်သည်။ အမျိုးသမီးများအတွက် ပညာသင်ယူနိုင်သည့်အခွင့်အလမ်းများပံ့ပိုးခြင်း၊ ပညာသင်ဆုနှင့် ငွေကြေးအကူအညီများပံ့ပိုးခြင်းနှင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အမျိုးသမီးများ၏စွမ်းဆောင်နိုင်မှု ပိုမိုတိုးမြင့်လာမည်ဖြစ်ပြီး သာတူညီမျှသည့် လူမှုအဖွဲ့အစည်းဖြစ်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်နေသည်နှင့်အမျှ အမျိုးသမီးများသည် ခေတ်နှင့်လျော်ညီစွာ နည်းပညာကိုလက်လှမ်းမီသုံးစွဲတတ်ရန် လိုအပ်ပေသည်။ နည်းပညာရပ်သည် အလုပ်အကိုင်ရရှိမှုနှင့် လုပ်ငန်းခွင်၌သာမက စီးပွားရေးလုပ်ငန်းများတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ နည်းပညာကိုအသုံးပြုနိုင်ရန် လိုပေသည်။ ထို့ပြင် အမျိုးသမီးများအနေဖြင့် မိမိတို့အပေါ် နည်းပညာအသုံးပြု၍ အကြမ်းဖက်မှုမခံရစေရန် Digital Literacy ကျွမ်းကျင်စွာတတ်မြောက်ရန်လည်း လိုပေသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ စွမ်းပကားများ၊ ဖွံ့ဖြိုးတိုးတက်မှုများကိုယုတ်လျော့စေနိုင်သဖြင့် အမျိုးသမီးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုနည်းမျိုးစုံကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တိုင်းပြည်၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏လက်တွင် ရှိနေသောကြောင့် ကျန်းမာ၍ အသိပညာနှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များဖြစ်ထွန်းစေရန် ပျိုးထောင်ပေးရသည့်မိခင်များ၊ အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အရေးကြီးလှပေသည်။ "ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည်"ဆိုသည့်အတိုင်း အမျိုးသမီးများ၏စွမ်းရည်များ၊ စွမ်းပကားများဖွံ့ဖြိုးတိုးတက်စေရန် ၎င်းတို့နှင့်အနီးဆုံးရှိသူ မိသားစုဝင်များက ပံ့ပိုးကူညီပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နည်းပြများနှင့် အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ မူဝါဒများကို သိရှိနားလည်ပြီး အကောင်အထည်ဖော်ဆောင်နိုင်စေရန်၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုတိကျစွာ နားလည်သဘောပေါက်စေရန်၊ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပွင့်လင်းမြင်သာပြီး ထိရောက်မြန်ဆန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန်၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် နိုင်ငံနှင့်ပြည်သူကြား ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားများဖြစ်ရာ ဥပဒေဆိုင်ရာအသိပညာများသာမက စွမ်းဆောင်ရည်၊ စီမံခန့်ခွဲမှုစွမ်းရည်တို့ဖြင့် ပြည်သူဗဟိုပြုဝန်ဆောင်မှုအရည်အသွေးများ ပိုမိုအားကောင်းလာစေရန် အစဉ်တစိုက် မြှင့်တင်နေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို နှုတ်ဆက်အားပေးခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းမှာ ပထမအကြိမ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းသို့ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၈၈ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကို ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၈ ရက်ထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စဉ့်ကိုင်မြို့နယ် သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သပြေပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၈၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၉၅ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၇၇၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၇၇၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၇၇၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်းဧက ၁၀၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၇၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပဲတီစိမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး)တွင် စက္ခုဒါနအလှူတော်အခမ်းအနားကျင်းပခဲ့ပြီး အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၂**

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး)ရှိ အစည်းအဝေးခန်းမ၌ စက္ခုဒါနအလှူတော် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ကျင်းပရာ သဲဖြူတောရ ဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာန မဟာနာယက ဒေါက်တာဘဒ္ဒန္တ ပညာဇောတ ကြွရောက် ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းနှင့် ဒုတိယ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရ်စိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူး ကုဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီး ဒေါက်တာရီလင်း ဦးဆောင်သည့်ဆရာဝန်ကြီးများအဖွဲ့၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သဲဖြူတောရဓမ္မ ရိပ်သာနှင့် မဟာမြိုင်တောရဓမ္မ ရိပ်သာတို့၏ ဦးစီးပဓာနဆရာ တော်ကြီးဦးဆောင်၍ တိုင်းဒေသ ကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူး ကုဆေးရုံကြီး(မန္တလေး)၌ ခွဲစိတ် ကုသမှုခံယူခဲ့ကြသည့် အတွင်းတိမ် မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများကို ကြည့်ရှုအားပေးပြီး လူနာများကို မျက်မှန်များ၊ ဆေးဝါး များ၊ နေ့လယ်စာ ထမင်းဘူးများ နှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် စက္ခုဒါနအလှူတော် မင်္ဂလာ ရေစက်ချအခမ်းအနားကို အစည်းအဝေးခန်းမတွင်အစီအစဉ် အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး သဲဖြူတောရ ဓမ္မရိပ်သာနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ဦးစီးပဓာန ဆရာတော်ကြီးထံက ငါးပါးသီလ ခံယူဆောက်တည် ပြီးနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အနုမောဒနာ ရေစက်ချ တရားတော်များ နာယူခဲ့ကြသည်။

အဆိုပါအစီအစဉ်တွင် တိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့်ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မိုရ်စိုး၊ မန္တလေးပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူး ကုဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ် ကြီး ဒေါက်တာရီလင်း ဦးဆောင် သည့်ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အေးမိုးထက်၊ ပါမောက္ခဒေါက်တာ သန်းထွန်းအောင်နှင့် ဆရာဝန်ကြီး များအဖွဲ့တို့က မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသ ပေးခြင်းများကို ဆောင်ရွက်ပေး လျက်ရှိရာ ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်ထိ သုံးရက်အတွင်း မျက်စိ ဝေဒနာရှင်ပေါင်း ၁၄၄၃ ဦးကို လက်ခံ ဆောင်ရွက်ပေးခဲ့ပြီး အတွင်းတိမ် မျက်စိဝေဒနာရှင် ၂၉၄ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ ကြောင်း၊ မျက်စိဝေဒနာရှင်ရဟန်း ရှင်လူပြည်သူများကို အခမဲ့မျက်စိ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအား ဇူလိုင် ၃ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း လက်ခံ ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး အတွင်းတိမ်မျက်စိဝေဒနာ ရှင်များကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး) တွင် အခမဲ့ခွဲစိတ်ကုသပေးလျက် ရှိကြောင်း သိရသည်။ **မျိုးကျော်**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၀၅ ကေထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ချောင်းဦး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၉၈၀၀ စိုက်ပျိုးရန် လျာထား ပြီး မေလဒုတိယပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲကေ ၉၈၀၀ စိုက်ပျိုးဖို့ လျာထားပါ တယ်။ ဒီနေ့ထိ ၁၈၀၅ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက် ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါ တယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှု အနေနဲ့ အောင်မြင်တဲ့အနေ အထားမှာရှိပါတယ်။ မြေပဲစိုက် ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေ က ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်း ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ် ထွန်းရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန် စေရေး၊ ပိုးမွှားကျရောက်မှုကင်း ရှင်းရေး၊ ဓာတ်မြေဩဇာ စနစ် တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ ပေါင်းမြက် ကင်းစင်စေရေးအတွက် စိုက်ခင်း များအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက် ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံး မှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် မြေပဲ ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသ မရွေး ကြိုးပမ်းဆောင်ရွက်သင့် ကြောင်း ချောင်းဦးမြို့နယ် စိုက် ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ် မြို့နယ်တွင် ငါးမုတ်များ ဝယ်ယူမှု များပြားပြီး အရောင်းအဝယ် ကောင်းမွန် နေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဇွန်လ ဒုတိယပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်များ ကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် အရောင်းအဝယ် ကောင်းလာခြင်းဖြစ် ကြောင်း သိရသည်။

"ဒေသထွက်ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုရောင်းချနေရပါတယ်။ လက်ရှိမှာ တစ်ရက်ကို ငါးမုတ်ပိဿာချိန် ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါ တယ်။ ရန်ကုန်ဈေးကွက်က ငါးမုတ် တွေ အဝယ်လိုက်လာလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေး ကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါ တယ်။ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန် တွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ကျိုက်လတ် မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက် ရေထွက် ကုန်များကိုဝယ်ယူပြီး စနစ်တကျစစ်ဆေး သန့်စင်ကာ ဝယ်ယူသည့် ဒေသများကို ဆက်လက်ဖြန့်ဖြူး တင်ပို့ရောင်းချလျက် ရှိကြောင်း၊ ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ်၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးမုတ်များ အရောင်းအဝယ်ကောင်း မွန်နေသောကြောင့် ငါးမွေးမြူသူများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှား လိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# နိုင်ငံ့ဂုဏ်ရောင် ထွန်းပြောင်စေရေး လူငယ်ထုကို ပြုစုပျိုးထောင်ပေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**❖ နိုင်ငံတော်၏ အနာဂတ်ဂုဏ်ရောင်ကို ထွန်းပြောင်စေမည့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဟူသောရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာကော်မတီအဆင့်တို့က အခြေခံပညာအထက်တန်းကျောင်းများတွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။❖**

- ခေတ်၏ရှေ့ဆောင် လူငယ်များတို့
  ပညာစီးပွား ရှာကြလေ။
- အပျင်းသန်ကာ အပျော်လိုက်လို့
  မတော်စရိုက် ရှောင်ကြလေ။
- လသာတုန်းမှာ ဗိုင်းငင်လားသို့
  ပညာသင်ကြား ချိန်ကုန်စေ။
- အတတ်ပညာ မဲ့သူများကို
  နွား၏အလား သူခိုင်းစေ။
- ပဏ္ဍိတ်အမော် သူတော်များသည်
  ပူဇော်ဝပ်တွား ခံထိုက်ပေ။
- ဒါကြောင့်မို့ ပညာကိုတွေး
  လောကရေး အလေးပေးသင့်ပေ။
- အဲဒါမှ လောကဓမ္မ ကမ္ဘာ့သိဉာဏ်ပေ။ ။

ကားနှင့်ဖြတ်သွားရင်းက လမ်းမကြီးဘေးရှိ ကျောင်းစာသင်ခန်းမထဲမှ ကျောင်းသား၊ ကျောင်းသူများ၏ ညီညာဖြိုဖြို လွင့်ပျံ့လာကြသော လောကနီတိလာ **ပညာညှိုးနွမ်း သူ့ဝန်ထမ်း** စာကဗျာအသံတွေက နားဝင်ပီယံ ရှိလှပါပေသည်။

ယခုတလော စာသင်ကျောင်းများတွင် စာသံပေသံများ ဝေစည်လွင့်ပျံ့နေကြလေရာ သာယာနာပျော်ဖွယ်ကောင်းပြီး မင်္ဂလာရှိလှပါပေသည်။

နိုင်ငံတော်၏ အနာဂတ်ဂုဏ်ရောင်ကို ထွန်းပြောင်စေမည့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဟူသောရည်ရွယ်ချက်ကိုလက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာကော်မတီအဆင့်တို့က အခြေခံပညာအထက်တန်းကျောင်းများတွင် **လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ**ကို မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။ ထို့ပြင် လူငယ်ရေးရာအဖြာဖြာ လှုပ်ရှားမှု သတင်းများကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ စာရေးဆရာအသင်း အနေဖြင့်လည်း သက်ဆိုင်ရာအသင်းအဖွဲ့၊ ဌာနဆိုင်ရာများနှင့်ပူးတွဲပြီး အခြေခံပညာအထက်တန်း ကျောင်းများတွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ လှည့်လည်ကျင်းပပေးနေသည်။ ထိုနည်းတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာရေးဆရာအသင်းများ၊ စာပေချစ်မြတ်နိုးသူ (Book Club)အဖွဲ့များ ပူးတွဲပြီး၊ လူငယ်စကားဝိုင်းများ၊ ကျပန်းစကားပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ပြည်သူ့နီတိကျင့်ဝတ်လိုက်နာရေးဆွေးနွေးပွဲများ၊ ပုံပြောပွဲများ ကျင်းပခဲ့ကြသည်။

တစ်ချိန်က ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူပပျောက်ရေး၊ စာတတ်သူတိုင်း စာဖတ်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံနေရာအနှံ့အပြားတွင် လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် အခြေခံပညာအထက်တန်းကျောင်း တော်တော်များများသို့ အခါအားလျော်စွာ သွားလာဟောပြောလှုပ်ရှားခဲ့သည်ကို ပြန်လည်မြင်ယောင်နေမိသည်။

ထိုသို့အခါအားလျော်စွာလှည့်လည်ဟောပြောနေခဲ့ရာမှ မှတ်မှတ်ရရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (တနင်္လာနေ့) နံနက်၉နာရီမိနစ်၃၀ က မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းကြီး၌ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုး(စာရေးဆရာကြီးနိုင်ဇော်၏တူ)တို့၏ စီစဉ်ပေးမှုဖြင့် **လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ**ကို ကျင်းပပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌတာဝန်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခဲ့သော ဆရာမြင်းမူမောင်နိုင်မိုး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ကျွန်တော်နှင့် သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံတို့သုံးဦး နာရီဝက်စီ ဟောပြောခွင့်ရခဲ့ကြသည်။ ထိုဟောပြောပွဲကို တကူးတက အထူးတလည် စီစဉ်ရခြင်းမဟုတ်ဘဲ ခရီးသွားဟန်လွဲ ချက်ချင်းစီမံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ နှစ်စဉ်ကျင်းပခဲ့သော ၃၅ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ မတက်ရောက်နိုင်ကြသော ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကို လှည့်လည်ကန်တော့သည့်ခရီးစဉ်တွင် မန္တလေးမြို့သို့ရောက်ခိုက် တိုင်းပြန်/ဆက်မှူး ဒေါ်ဝေဝေဖြိုးက လူငယ်ပြုစုပျိုးထောင်ရေးစိတ်ဓာတ်ဖြင့် ဆက်သွယ်ကူညီပေးခဲ့ခြင်းဖြစ်သည်။

ဆရာမြင်းမူမောင်နိုင်မိုးက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ကျွန်တော်က စာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင်ဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်များအပါအဝင်၊ ခရိုင်ပြန်/ဆက်ရုံး၌ စာအုပ်လှူဒါန်းပွဲကိုပါ ကျင်းပနိုင်ခဲ့သည်။

ကျွန်တော်ဆိုလိုသည်မှာ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲနှင့် စာအုပ်လှူဒါန်းပွဲသို့ လာရောက်ကြရင်း၊ အထက(၁၆)၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား "လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ"အဖြစ် စာပေဒါန ဝေမျှခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်နှင့် ဆရာမြင်းမူမောင်နိုင်မိုးတို့ နှစ်ယောက်သည် အနယ်နယ်အရပ်ရပ်သို့ စာပေလှည့်လည်ဟောပြောခဲ့ကြရင်း အခြေခံပညာအထက်တန်းကျောင်းမျိုးစုံသို့ ရောက်ခဲ့ဖူး၊ ဟောပြောခဲ့ဖူးသည်။ သို့သော် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အထက(၁၆)ကဲ့သို့သော စံပြကျောင်းမျိုးကား အလွန်ပင် ရှားပါးလှသည်။ တွေ့ရကြုံရခဲ့သည်။ အထက(၁၆) ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ညီညာတက်ကြွမှု၊ စည်းကမ်းသေဝပ်ကောင်းမွန်မှု၊ လေ့လာဆည်းပူးနာခံမှုမျိုးကိုကား မချီးကျူးဘဲ မနေနိုင်အောင် အားရဝမ်းသာ ပီတိဖြာခဲ့ကြရသည်။

ထို့ပြင် စာသင်ခန်းများ၊ ကျောင်းဈေးတန်းနှင့် ကျောင်းဝင်းအတွင်း စည်းကမ်းကျနှ၊ သန့်ရှင်းလှပမှုများကလည်း ပြောမယုံ ကြုံဖူးမှသိကြရသလို ချီးကျူးထိုက်ပါပေသည်။ တစ်နိုင်ငံလုံးတွင် အောင်ချက်ကောင်း၊ စံပြကျောင်းဟု နောက်မှသိလိုက်ရသောအခါ စံပြဖြစ်ထိုက်ပါတယ်ဟု ထပ်မံချီးကျူးဂုဏ်ပြုနေမိသည်။ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုး နှင့် မန္တလေးတိုင်း ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝေဝေဖြိုးတို့ကိုလည်း အထူးပင်ကျေးဇူးတင်နေခဲ့ရသည်။

တစ်နိုင်ငံလုံးတွင် အဆိုပါ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ထဲမှ အထက(၁၆)ကဲ့သို့သော ကျောင်းများ ရှိကောင်းရှိကြပေလိမ့်မည်။ ထိုသို့ စံပြကျောင်းဖြစ်နေကြခြင်းမှာ ဆရာ၊ ဆရာမများကိုယ်တိုင်က စံပြဖြစ်နေကြသဖြင့် "ဆရာကောင်းတပည့်ပန်းကောင်းပန်"နေကြခြင်းဖြစ်သည်။

ယနေ့ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များသည် ပွဲကြည့်ပရိသတ်များဖြစ်နေကြလေရာ ဘဝဇာတ်ခုံပေါ်မှာ ကပြအသုံးတော်ခံနေကြသော လူကြီးမိဘ၊ ဆရာ၊ ဆရာမများ၏ ဇာတ်ညွှန်း၊ ဇာတ်လမ်းများ၊ ဇာတ်ကွက်များ၊ ကပြအသုံးတော်ခံလှုပ်ရှားမှုများကို ပွဲကြည့်ပရိသတ် ကျောင်းသား၊ ကျောင်းသူလူငယ်များက အားကျအတုယူ လေ့လာမှတ်သားနေကြသည်။ ထိုသို့ နည်းယူနေထိုင်မှုသည် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်မှာ ယနေ့ လူကြီးမိဘ၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ကြိုးပမ်းမှုအပေါ်တွင် မူတည်နေသည်။ နောင်အနာဂတ်တွင် ယနေ့ပွဲကြည့်ပရိသတ်လူငယ်များသည် ဘဝဇာတ်ခုံပေါ်တွင် ကိုယ်တိုင်ကပြအသုံးတော်ခံကြသည့် ဇာတ်ဆောင်များဖြစ်လာကြပေမည်။ သို့ဖြစ်ရာ ယနေ့ ဘဝဇာတ်ခုံပေါ်မှ လူကြီးမိဘ၊ ဆရာ၊ ဆရာမများက စံပြအဖြစ် ရှေ့ဆောင်လမ်းပြမှု၊ ပြုစုပျိုးထောင်မှု မှန်ကန်မှသာလျှင် နိုင်ငံတော်၏အနာဂတ်အရောင်သည် ထွန်းပြောင်တိုးတက်လာမည် ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၃၃ တွင် "နိုင်ငံတော်သည် လူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်"ဟူသော နိုင်ငံတော်အခြေခံမူကို ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်သည်။

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီး လူငယ်ရေးရာမူဝါဒကို ၂၀၁၇ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

အဆိုပါ လူငယ်ရေးရာမူဝါဒနှင့်အညီ လက်တွေ့ဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်ကို ချမှတ်ခဲ့သည်။

၎င်း ၁၆ ရပ်မှာ (၁)ပညာရေးကဏ္ဍ၊ (၂)ကျန်းမာရေးကဏ္ဍ၊ (၃)မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်ကဏ္ဍ၊ (၄) အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ (၅)အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ (၆) စီးပွားရေးကဏ္ဍ၊ (၇)နိုင်ငံရေးကဏ္ဍ၊ (၈) စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ (၉)သုတေသနကဏ္ဍ၊ (၁၀)သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ (၁၁)ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ၊ (၁၂)သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ (၁၃)ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ (၁၄) ကျား၊ မ ညီမျှမှုကဏ္ဍ၊ (၁၅)လူ့အခွင့်အရေးကဏ္ဍနှင့် (၁၆) နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ ဖြစ်ကြသည်။

လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၁၆ ရပ်ကို ကြည့်ပါက နိုင်ငံ၏အနာဂတ်အတွက် ရည်မှန်းလျက် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ အလေးအနက်ထားကာ ချမှတ်ထားသည်မှာ သိသာထင်ရှားနေသည်။ ထို့ကြောင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်များအသိအမြင်ဗဟုသုတ ကြွယ်ဝစေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်ရှောင်ဖယ်ကင်းဝေးစေရေးအတွက် လူငယ်အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ကျင်းပခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇူလိုင်လထိ ဟောပြောပွဲပေါင်း ၂၂၁၉ ပွဲ ကျင်းပနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလူငယ်ပေါင်း ၄၁၉၃၇၁ ဦးကို အသိပညာများ မျှဝေပေးနိုင်ခဲ့ကြောင်း၊ လူငယ်စကားဝိုင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်မြို့နယ်များတွင် လူငယ်စကားဝိုင်း အကြိမ် ၁၁၀ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၁၃၃၀ ပါဝင်တက်ရောက်ခဲ့ကြကြောင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးစီး၍ "သွေးချင်းညီနောင်၊ ကောင်းကျိုးဆောင်၊ ပြည်သစ်အောင်ဖို့ဆွေးနွေးစို့"ဟူသော ဆောင်ပုဒ်ဖြင့်တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ ငြိမ်းချမ်းရေးဆိုင်ရာစကားဝိုင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မန္တလာသီရိအားကစားကွင်း၌ ကျင်းပခဲ့ရာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ဦးရေ ၂၅၀၀၀ ပါဝင်တက်ရောက်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းဓာတ်ပုံများနှင့် စာမျက်နှာ ၅ သို့

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒ့ါအပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှုကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက် ပျိုးရာသီ၌ နေကြာ ၁၀၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နေကြာ ၂၇၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု အရာတော်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ဖော်ပြခဲ့ကြသဖြင့် နိုင်ငံတော်၏အနာဂတ်အရေးကိုမြော်တွေး၍ ကြည်နူးချမ်းမြေ့ကြရသည်။ ပညာရေးဝန်ကြီးဌာနကလည်း ပညာရေးကိုအလေးပေးဆောင်ရွက်နေသလို လူချွန်လူမွန်လူငယ်များအတွက် တစ်ချိန်က ရပ်နားထားခဲ့သော လူရည်ချွန်စီမံကိန်းကို ပြန်လည်ဖော်ဆောင်ခဲ့သည့်အပြင် ထူးချွန်ကျောင်းသား၊ ကျောင်းသူ လူငယ်များကိုလည်း ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခဲ့သည်။ ထိုအချိန်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း "လူငယ်အင်အား၊ စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"ဟူသော ဆောင်ပုဒ်နှင့်အညီ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ပျိုးထောင်ပေးခဲ့ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။

လူငယ်ရေးရာဦးစီးဌာနကလည်း ပြည်တွင်း၊ ပြည်ပ လူငယ်လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခဲ့သည်။ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း အစည်းအဝေးခြောက်ကြိမ်၊ သင်တန်းတစ်ကြိမ်၊ ပြိုင်ပွဲ ၁၀ ကြိမ်၊ ဆွေးနွေးပွဲ ၁၉ ကြိမ်တို့တွင် မြန်မာလူငယ်ကိုယ်စားလှယ်ပေါင်း ၈၇ ဦး ပါဝင်တက်ရောက်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂက ၂၀၀၀ပြည့်နှစ် ဩဂုတ် ၁၂ ရက်က သတ်မှတ်ခဲ့သော "အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့" အခမ်းအနားကို ကမ္ဘာ့နိုင်ငံများနှင့်တန်းတူပင် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၂ ရက်မှစ၍ နှစ်စဉ်မပျက် ကျင်းပခဲ့သည်။

"ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး"ဟူသောစကားနှင့်အညီ ယနေ့လူငယ်မျိုးဆက်သစ်များသည် နောင်အနာဂတ်ကာလတွင် လူကြီးများအဖြစ် နိုင်ငံနှင့်လူမျိုး၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရပေမည်။ ထို့ကြောင့် ယနေ့လူငယ်များကို ယနေ့လူကြီးများက အကျိုးပြုလုပ်ငန်းများနှင့် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်က လူငယ်များအရေး အလေးထားဆောင်ရွက်နေသည်ကို မည်သူမျှ ငြင်းကွယ်၍မရပေ။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အပါအဝင်၊ လုပ်ငန်းခွင်ထဲမှ လူငယ်လူရွယ်များကို ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန် ကိုယ်ရည်ကိုယ်သွေးများနှင့် ပြည့်စုံကြစေရေး၊ ကျောင်းအတန်းပညာအပြင်၊ အတတ်ပညာများကို လေ့လာဆည်းပူးကြစေရေး၊ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ထုံးဓလေ့များကို ထိန်းသိမ်းစောင့် ရှောက်ကြစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ပြီး ဇာတိသွေးဇာတိမာန်ထက်သန်ကြစေရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ် စကားဝိုင်းများကို စဉ်ဆက်မပြတ် ကျင်းပလှုပ်ရှားနေကြခြင်းဖြစ်ပါသည်။

# ပန်တော်ကျ

- လွမ်းသံသရာ အရှည်မဆက်ချင်လို့
  ပန်းမာလာ သည်တစ်သက်တွင်ဖြင့်
  ကြံလျက်နှင့် ဆုံရေးမလွယ်။

- ထုံမရင့်မီက
  ငုံချင့်တယ် တဆိုဆိုနှင့်
  မာလာပျို အပွင့်ရဲလေတော့
  လက်ရဲသူ တံချူရှင်က
  မပူပင် ယူငင်နမ်းလိုက်တယ်
  ပန်းမိုက် လွယ်လွယ်။

- မခွေခင် အလျင်ညွတ်
  မဆွတ်ခင် အသော့ကြွေ
  မဝေခင် အညှာကျိုးတာမို့
  တန်ဖိုး တာမရှည်ဘဲ
  ရာသီလွန် ပန်တော်ကျလေတော့
  သင့်ဘဝ အားငယ်ငယ်
  သနားတယ်ဆိုပေမဲ့ မပန်ဆင်အား။
  မှားတယ်...အို...မေရဲ့ငြိငြင်မပွား။

- ကြည့်ပါအုံးကွယ်
  မြဖူးမှာ အဝါခြယ်တဲ့
  နံ့သာနွယ် အယဉ်တစ်ပွင့်ရယ်က
  ကိုယ့်ဆံဝယ် အသွင်တင့်ပြီမို့
  ရင်နင့်စွာ သင်မာလာအား
  မကြင်သာ ဘဝအကြောင်းရယ်ကြောင့်
  တမင်ခွာ ဝေးစွာရှောင်ရတယ်
  (ပန်းကလေးရယ်) နှောင်းခဲ့ပြီတကား။ ။

**မြင်းမူမောင်နိုင်မိုး**

# ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ငါးပိ၊ ငါးခြောက်ဈေးကွက်တွင် မျှင်ငါးပိများ ယခုနှစ် ဇွန်လတတိယပတ်မှစ၍ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိမှာ မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒီဘက်က မျှင်ငါးပိ အရောင်းအဝယ်လုပ်သူတွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ"ဟု ကျုံပျော်မြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုးပြီး တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းလာသည့်အတွက် မျှင်ငါးပိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## နိုင်ငံတကာ သတင်းများ

# အဲဖို့စ်ဝမ်းလေယာဉ်သစ်ဖြင့် ပထမဆုံးခရီးစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ထွက်ခွာ




နယူးယောက် ဇူလိုင် ၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကာတာနိုင်ငံက လက်ဆောင်ပေးထားသည့် လေယာဉ်ကို ပြန်လည်ပြုပြင်မွမ်းမံထားသော အဲဖို့စ်ဝမ်းလေယာဉ်သစ်ဖြင့် ဇူလိုင် ၁ ရက်တွင် ပထမဆုံးခရီးစဉ် စတင်ထွက်ခွာခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် အဆိုပါ အဲဖို့စ်ဝမ်းလေယာဉ်သစ်ဖြင့် မြောက်ဒါကိုတာပြည်နယ်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအဲဖို့စ်ဝမ်းလေယာဉ်သစ်သည် ကာတာနိုင်ငံက လက်ဆောင်ပေးထားသော ဘိုးအင်း- ၇၄၇ ဂျမ်ဘိုဂျက်လေယာဉ်ကို အမေရိကန်ဒေါ်လာ သန်း ၄၀၀ အကုန်ကျခံ၍ ပြန်လည်ပြုပြင်မွမ်းမံထားသော သမ္မတစီး အဲဖို့စ်ဝမ်း လေယာဉ်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဘိုးအင်းကုမ္ပဏီထံမှ မှာယူထားသည့် သမ္မတစီး အဲဖို့စ်ဝမ်း လေယာဉ်သစ်နှစ်စင်း မရမီကာလအတွင်း အဆိုပါ အဲဖို့စ်ဝမ်း လေယာဉ်သစ်ကို အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။

အမေရိကန်လေတပ်က ဘိုးအင်းကုမ္ပဏီထံမှ မှာယူထားသော သမ္မတစီး အဲဖို့စ်ဝမ်းလေယာဉ်သစ်နှစ်စင်းမှာ ၂၀၂၈ ခုနှစ်မှသာ ရရှိနိုင်ဖွယ်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကာတာနိုင်ငံ၏ လက်ဆောင် ဘိုးအင်း-၇၄၇ ဂျမ်ဘိုဂျက်ကို ယခင် သမ္မတစီးအဲဖို့စ်ဝမ်း လေယာဉ်များကဲ့သို့ မဟုတ်ဘဲ ၎င်းစိတ်ကြိုက် ဆေးရောင်များ၊ အပြင်အဆင်များဖြင့် မွမ်းမံထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ရုရှားတပ်များ လေကြောင်းတိုက်ခိုက်မှုပြုလုပ်

မော်စကို ဇူလိုင် ၂

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ရုရှားတပ်များက ဇူလိုင် ၁ ရက် ညပိုင်းမှ ယနေ့ထိ ဘလစ်စစ်စတ် ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း ကီယက်ဗ်မြို့၌ လူ ၁၃ ဦးသေဆုံး၍ ၈၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရုရှားတပ်များ၏ ဒုံးကျည်နှင့် မောင်းသူမဲ့ဒရုန်းယာဉ် တိုက်ခိုက်မှုများကို ကီယက်ဗ်မြို့၏ ခရိုင် ၁၀ ခုလုံး ရင်ဆိုင်ခဲ့ရပြီး အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ယူကရိန်း တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနိုင်ငံ၏ စွမ်းအင်လုပ်ငန်း အဆောက်အအုံများကို ယူကရိန်းနိုင်ငံက ပြီးခဲ့သည့်လအတွင်း တာဝေးပျံ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ဆက်တိုက် တိုက်ခိုက်ခဲ့ပြီးနောက် ရုရှားတပ်များက ကီယက်ဗ်မြို့ကို လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်စွာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်များသည် ကီယက်ဗ်မြို့ကို ယခုနှစ် ဇွန်လလယ်နောက်ပိုင်း အပြင်းထန်ဆုံး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရုရှားစွမ်းအင်လုပ်ငန်း အခြေခံအဆောက်အအုံများကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ယူကရိန်းက တိုက်ခိုက်နေမှုကြောင့် ရုရှားအနေဖြင့် လောင်စာဆီပြတ်လပ်မှုများကို အတိုင်းအတာတစ်ရပ်ထိ ရင်ဆိုင်နေရသည်ဟု သမ္မတပူတင်က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO



# ၂၀၂၇ ခုနှစ် ဧပြီနှင့် မေလတို့တွင် ပြင်သစ်သမ္မတရွေးကောက်ပွဲများ ကျင်းပနိုင်

ပဲရစ် ဇူလိုင် ၂

ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ပထမအကျော့ကို ၂၀၂၇ ခုနှစ် ဧပြီ ၁၈ ရက်တွင် ကျင်းပနိုင်ဖွယ်ရှိပြီး ဒုတိယအကျော့ ရွေးကောက်ပွဲကို မေ ၂ ရက်တွင် ကျင်းပနိုင်ကြောင်း ဇူလိုင် ၁ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြင်သစ်သမ္မတ ရွေးကောက်ပွဲများကျင်းပမည့် နေ့ရက်များကို အစိုးရသတင်းအရင်းအမြစ်များ၏ အဆိုကိုကိုးကား၍ ပြင်သစ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

သို့ရာတွင် မီဒီယာများ၌ဖော်ပြထားသည့် သမ္မတရွေးကောက်ပွဲ ကျင်းပမည့် အချိန်ကာလများကို ပြင်သစ်အစိုးရက တရားဝင် အတည်ပြုသေးခြင်း မရှိသေးကြောင်း သိရသည်။

သမ္မတရာထူး နောက်ဆုံးသက်တမ်းကိုထမ်းဆောင်နေသော လက်ရှိသမ္မတ မက်ခရွန်အနေဖြင့် ရာထူးမှ အနားယူရန်ပြင်ဆင်နေချိန်တွင်သမ္မတရွေးကောက်ပွဲများ ကျင်းပမည့်အချိန်ကာလ သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

၂၀၂၇ ခုနှစ် ပြင်သစ်သမ္မတ ရွေးကောက်ပွဲသည် လက်ယာစွန်း အမျိုးသားရေးဝါဒီ ပြင်သစ်အမျိုးသမီး နိုင်ငံရေးခေါင်းဆောင် မရင်းလီပင်းအတွက် အရေးကြီးသည့် နိုင်ငံရေးအလှည့်အပြောင်း တစ်ရပ်ဖြစ်လာနိုင်သည်။

၂၀၂၇ ခုနှစ် သမ္မတရွေးကောက်ပွဲကို အာဏာရယူရေး အကောင်းဆုံး အခွင့်အလမ်းတစ်ရပ်အဖြစ် မရင်းလီပင်၏ အမျိုးသားစည်းလုံးညီညွတ်ရေး ပါတီက မှတ်ယူထားသည်။

မရင်းလီပင်၏ အမျိုးသားစည်းလုံးညီညွတ်ရေး ပါတီသည် လူဝင်မှုဆန့်ကျင်ရေး အမျိုးသားရေးဝါဒီ ပါတီဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်နှင့် အီရန်တို့ ဒိုဟာဆွေးနွေးပွဲပြီးဆုံးပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ကျဆင်းလာ

ဒိုဟာ ဇူလိုင် ၂

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သော တစ်ဆင့်ခံဆွေးနွေးပွဲများပြီးဆုံးပြီးနောက် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများကျဆင်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ကျင်းပခဲ့သော တစ်ဆင့်ခံဆွေးနွေးပွဲများမှာ ဇူလိုင် ၁ ရက်တွင် ပြီးဆုံးခဲ့ပြီး အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိခဲ့ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဒိုဟာမြို့ ဆွေးနွေးပွဲများတွင် အမေရိကန်နှင့် အီရန်ကိုယ်စားလှယ်များသည် ဇွန် ၁၇ ရက်တွင် ရယူထားသည့် အီရန်ပဋိပက္ခ ပြီးဆုံးရေး ယာယီသဘောတူညီချက်များကို ဆွေးနွေးခဲ့ကြသည်။

ကာတာ နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ အမေရိကန်နှင့် အီရန်ကိုယ်စားလှယ်များသည် ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာရေး ကိစ္စများနှင့် သိမ်းယူခံထားရသည့် အီရန်ပိုင်ဆိုင်မှုများ ပြန်လည်ထုတ်ပေးရေးဆိုင်ရာ ကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကိစ္စနှစ်ရပ်သည် အချက် ၁၄ ချက်မှ အီရန်ပဋိပက္ခ ပြီးဆုံးရေး ယာယီသဘောတူညီချက်ပါ အဓိကအချက်များဖြစ်ကြသည်။

ဒိုဟာဆွေးနွေးပွဲ ပြီးဆုံးပြီးနောက် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းမှာ ၁ ဒသမ ၀၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၈၄ ဒေါ်လာထိ ကျဆင်းခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ ဆွေးနွေးပွဲများကို အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ စျာပနအခမ်းအနား ဇူလိုင် ၉ ရက်တွင်ပြီးဆုံးပြီးနောက် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဘယ်လ်ဂျီယံနိုင်ငံ အန့်တဝပ်မြို့၌ ၁၀ ထပ်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား

ဘရပ်ဆဲလ် ဇူလိုင် ၂

ဘယ်လ်ဂျီယံနိုင်ငံ အန့်တဝပ်မြို့၌ အထပ် ၁၀ ထပ်ပါ အထပ်မြင့် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ လူငါးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆောက်အအုံ မီးလောင်မှုအတွင်း ဒဏ်ရာရရှိခဲ့သူ အတိအကျမသိရသေးကြောင်း ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မီးလောင်မှုဖြစ်ပွားစဉ်အတွင်း အဆိုပါအဆောက်အအုံ၌ နေထိုင်သူများကို ကယ်ဆယ်ရေးသမားများက အဆောက်အအုံနံဘေးမှ တစ်ဆင့် ကြိုးဖြင့် ဆိုင်းချ၍ ကယ်ထုတ်ပေးခဲ့ရသည်။

အဆိုပါ ၁၀ ထပ်အဆောက်အအုံ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို ဘယ်လ်ဂျီယံ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အန့်တဝပ်မြို့ ၁၀ ထပ်အဆောက်အအုံမီးလောင်မှုအတွင်း သေဆုံးခဲ့သူများအတွက် ဝမ်းနည်းမိကြောင်း ဘယ်လ်ဂျီယံဝန်ကြီးချုပ် ဘာ့သ်ဒီဝေဗာကင်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

ဘယ်လ်ဂျီယံနိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ဘရပ်ဆဲလ်မြို့ ကုန်လှောင်ရုံ မီးလောင်မှုအပါအဝင် ပြင်းထန်သော မီးလောင်မှုများနှင့် ဆက်တိုက် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO



# SCIENCE AND TECHNOLOGY

## ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းပစ်စင်အမှတ် (၃၆-အေ)ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ စတင်ပြန်လည်တည်ဆောက်နေပြီဖြစ်



**ဝါရှင်တန် ဇူလိုင် ၂**

ပြီးခဲ့သည့် မေလက ဖြစ်ပွားခဲ့သည့် New Glenn ဒုံးပျံပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသော ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်း ပစ်စင်အမှတ် (၃၆-အေ) ကို ဘလူးအော်ရီဂျင် ကုမ္ပဏီက စတင်ပြန်လည်တည်ဆောက်နေပြီဖြစ်ကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ပြီးခဲ့သည့် မေ ၂၈ ရက်က ပစ်စင်အမှတ် (၃၆-အေ) တွင် New Glenn ဒုံးပျံ ဒုံးအင်ဂျင်များစမ်းသပ်ခဲ့ရာ ဒုံးပျံပေါက်ကွဲခဲ့ပြီး ပစ်စင်၏ အရေးကြီးသော အစိတ်အပိုင်းများလည်း ပျက်စီးခဲ့သည်။

လက်ရှိအချိန်တွင် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ပျက်စီးခဲ့ရသည့် ပစ်စင်အမှတ် (၃၆-အေ) ပြန်လည် တည်ဆောက်ရေးကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

New Glenn ဒုံးပျံပေါက်ကွဲမှုကြောင့် ကျန်ရှိခဲ့ရသည့် အပျက်အစီးများကို ရှင်းလင်းပြီးနောက် ပစ်စင်အမှတ် (၃၆-အေ) ပြင်ဆင်မှုများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံကို ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်လွှတ်တင်ရန် ရည်ရွယ်ထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် စတုတ္ထမြောက် မစ်ရှင်အတွက် New Glenn ဒုံးပျံ ဒုံးအင်ဂျင်များကို စမ်းသပ်စဉ် ဒုံးပျံပေါက်ကွဲခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာစနစ်တပ်ဆင်ထားသော ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်က စကြဝဠာစူးစမ်းရေးလုပ်ငန်းများကို စတင်နေ

**ဆန်တီယာဂို ဇူလိုင် ၂**

ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာစနစ် တပ်ဆင်ထားသော ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်သည် စကြဝဠာစူးစမ်းရေးလုပ်ငန်းများကို တရားဝင်စတင်နေပြီဖြစ်ကြောင်း ဇူလိုင် ၁ ရက်သတင်းများအရ သိရသည်။

ဗီရာစီရူဘင် ရေဒီယိုတယ်လီစကုပ်သည် ချီလီနိုင်ငံ ဆာရီပါချွန်တောင်ထိပ်၌တည်ရှိပြီး ကမ္ဘာ့အကြီးမားဆုံး ဒစ်ဂျစ်တယ်ကင်မရာစနစ်ပါဝင်သော ရေဒီယိုတယ်လီစကုပ်ဖြစ်သည်။



အဆိုပါရေဒီယိုတယ်လီစကုပ်သည် လာမည့် ၁၀ နှစ်အတွင်း တောင်ပိုင်း ကောင်းကင်ယံကို စူးစမ်းလေ့လာ၍ ညစဉ်ဓာတ်ပုံရာပေါင်းများစွာ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ကြယ်များနှင့် နဂါးငွေ့တန်းကြယ်စုအလွန်ရှိ ကြယ်စုများကို စူးစမ်းလေ့လာရန် သိပ္ပံပညာရှင်များက ရည်မှန်းထားကြောင်း သိရသည်။

ဗီရာစီရူဘင် ရေဒီယိုတယ်လီစကုပ်သည် ပြီးခဲ့သည့်နှစ်အတွင်း ၎င်း စမ်းသပ်ရိုက်ကူးထားသော ပထမဆုံးဓာတ်ပုံများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံများထဲတွင် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ထောင်ပေါင်းများစွာအကွာ၌တည်ရှိသော ထရိုင်းဖစ်နှင့် လာဂွန်းကြယ်ဖွဲ့တိမ်တိုက်များ၏ ဓာတ်ပုံများပါဝင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးအတွက် အာကာသနှင့်မြေပြင်ပေါင်းစပ်စောင့်ကြည့်ရေးစနစ်ကွန်ရက်တစ်ခုကို တရုတ်အမျိုးသားအာကာသအေဂျင်စီ တည်ဆောက်

**ပေကျင်း ဇူလိုင် ၂**

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးအတွက် အာကာသနှင့် မြေပြင်ပေါင်းစပ် စောင့်ကြည့်ရေးစနစ်ကွန်ရက်တစ်ခုကို တည်ဆောက်နေကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါကွန်ရက်သည် လက်ရှိတွင် ဖြစ်နိုင်ခြေတိုင်းတာစစ်ဆေးမှုများပြုလုပ်နေသော ကမ္ဘာဂြိုဟ်ကာကွယ်ရေးစနစ်၏ ပင်မအစိတ်အပိုင်းတစ်ခုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

တရုတ်နိုင်ငံ၏ အာကာသနှင့် မြေပြင်ပေါင်းစပ်စောင့်ကြည့်ရေးစနစ်ကွန်ရက်ကို မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များနှင့် အာကာသအခြေစိုက် ဂြိုဟ်တုကွန်ရက်တစ်ခုကို ပေါင်းစပ်အသုံးပြု၍ ဂြိုဟ်သိမ်အန္တရာယ်များကို စောင့်ကြည့်ထောက်လှမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ကမ္ဘာဂြိုဟ် အနီးတစ်ဝိုက်ရှိ ဂြိုဟ်သိမ်ပေါင်း ၄၀၀၀၀ ကျော်ကို ရှာဖွေတွေ့ရှိထားပြီး ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာသိပ္ပံပညာရှင်များ၏ ထောက်လှမ်းစောင့်ကြည့်မှုအောက်မှ ပုန်းကွယ်နေကြသည့် ဂြိုဟ်သိမ်မြောက်မြားစွာ ကျန်ရှိနေဆဲဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အာကာသနှင့် မြေပြင်ပေါင်းစပ်စောင့်ကြည့်ရေးစနစ် ကွန်ရက်သည် လေထုလွှာနှင့် နေအလင်းရောင် အနှောင့်အယှက်များကို ကျော်လွှား၍ မမြင်နိုင်သော ဂြိုဟ်သိမ်များ၏အန္တရာယ်ကို စောင့်ကြည့်ပေးနိုင်မည် ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အဝလွန်မိခင်လောင်းများက မွေးဖွားလာသော ကလေးများ၌ အူမကြီးကင်ဆာဖြစ်နိုင်ခြေမြင့်မား

**လန်ဒန် ဇူလိုင် ၂**

အဝလွန် မိခင်လောင်းများက မွေးဖွားလာသော ကလေးများ၌ အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မိခင်လောင်းဘဝ ကိုယ်အလေးချိန် တက်လာမှုနှင့် အဝလွန်မှုတို့မှာ မွေးဖွားလာသည့် ကလေးများ၌ အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေသည်ဟု ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

အထက်ပါပြဿနာသည် မိခင်လောင်းများ၏ ဘဝနေထိုင်မှုပုံစံ၊ အစားအစာ စားသောက်မှုပုံစံ၊ ကျန်းမာရေး အခြေအနေတို့နှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ လူငယ်များကြား အူမကြီးကင်ဆာ ဖြစ်ပွားမှုနှုန်း မြင့်တက်လာချိန်တွင် လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏အထက်ပါလေ့လာတွေ့ရှိချက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဝလွန် မိခင်လောင်းများက မွေးဖွားလာသည့် ကလေးများမှာ နောက်ပိုင်းအသက်ရလာချိန်တွင် အူမကြီးကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ငါးဆ မြင့်တက်နေတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကော်ဖီကို နေ့စဉ်ပုံမှန်သောက်သုံးပါက အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေ နည်းပါး

**နယူးယောက် ဇူလိုင် ၂**

ကော်ဖီကို နေ့စဉ်ပုံမှန်သောက်သုံးပါက အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေ နည်းပါးကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၃၅၀၀၀၀ ကျော်တို့၏ နေ့စဉ် ကော်ဖီသောက်သုံးမှုနှင့် ၎င်းတို့၏ ကျန်းမာရေး အခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ရက်လျှင် ကော်ဖီကို ငါးခွက်နှင့်အထက် သောက်သုံးသူများတွင် လုံးဝမသောက်သုံးသူများနှင့် နှိုင်းယှဉ်ပါက အသည်းကင်ဆာရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် တစ်ရက်လျှင် ကော်ဖီကို ငါးခွက်နှင့်အထက် သောက်သုံးသူများ၌ အသည်းခြောက်ရောဂါ ဖြစ်နိုင်ခြေမှာလည်း ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းကျော် ပိုနည်းပါးကြောင်း သိရသည်။

သုတေသနပညာရှင်များသည် သံလိုက်လှိုင်း ရေဒါပုံရိပ်ဖော်စနစ်ဖြင့် လေ့လာရာတွင် ကော်ဖီသောက်သုံးသူများ၏ အသည်းအင်္ဂါအတွင်းနှင့် ဝန်းကျင်တို့၌ အဆီဓာတ်စုစည်းမှုနှုန်းပိုနည်းပါးသည်ကိုဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကော်ဖီကိုတစ်ရက်လျှင် တစ်ခွက်မှနှစ်ခွက်ထိ သောက်သုံးခဲ့လျှင်ပင် အသည်းခြောက်ရောဂါ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်မှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ကနေဒါအသင်း၊ ကိုလံဘီယာအသင်း၊ အာဂျင်တီးနားအသင်းတို့ကို ရွေးချယ်ရမှာပါ

M L




၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေကို ဇွန် ၁၁ ရက်မှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး လက်ရှိမှာအုပ်စုပွဲစဉ်တွေပြီးဆုံးလို့ ရှုံးထွက်အဆင့်တွေကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ၃၂ သင်းရှုံးထွက်အဆင့်ကိုတော့ ပူးတွဲအိမ်ရှင်အသင်းတွေဖြစ်တဲ့ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါအသင်းတို့တက်ရောက်ခဲ့ကြပြီး အိမ်ရှင်အသင်းသုံးသင်းစလုံးဟာ နိုင်ပွဲတွေထပ်မံရရှိခဲ့တာကြောင့် ၁၆ သင်းအဆင့်ထိ တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီမှာ အသင်းကြီးတွေဖြစ်တဲ့ ဥရုဂွေးအသင်း၊ တူကီယဲအသင်းတို့က အုပ်စုအဆင့်က လှည့်ပြန်ခဲ့ရသလို ဂျာမနီအသင်းကလဲ ၃၂ သင်းအဆင့်မှာ ပါရာဂွေးအသင်းကို ရှုံးပွဲကြုံခဲ့ပြီး ထွက်ခွာခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ အိမ်ရှင်အသင်းတွေက ခြေစွမ်းပြသနေတာကြောင့် စနေနေ့ညမှာလဲ အိမ်ရှင်အသင်းဖြစ်တဲ့ ကနေဒါအသင်းအပါအဝင် တိုက်စစ်ကစားပုံကောင်းနေတဲ့ ကိုလံဘီယာအသင်းနဲ့ အာဂျင်တီးနားအသင်းတို့ကို ရွေးချယ်ရမှာဖြစ်ပါတယ်။

## ကနေဒါအသင်း ရလဒ်ကောင်းမှာပါ

ကနေဒါအသင်းဟာ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာ ကာတာ၊ ဆွစ်ဇာလန်၊ ဘော့စ်နီးယားအသင်းတို့နဲ့ ကစားရတာကြောင့် အုပ်စုဒုတိယနေရာကနေ ရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၃၂ သင်းအဆင့် ရှုံးထွက်အဆင့်မှာတော့ တောင်အာဖရိကအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ တိုက်စစ်ကစားပုံကောင်းတာကြောင့် ထိရောက်တဲ့ ဂိုးပေါက်ကန်သွင်းမှု ခုနစ်ကြိမ်ထိလုပ်နိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ တောင်အာဖရိက အသင်းကတော့ ပွဲချိန်မိနစ် ၉၀ မှာ ထိရောက်တဲ့ ဂိုးပေါက်ကန်သွင်းမှု တစ်ကြိမ်သာပြုလုပ်နိုင်ခဲ့သလို ကနေဒါအသင်းရဲ့ တိုက်စစ်ပိုင်းကိုသာ တားဆီးနေရတာဖြစ်တာကြောင့် ကနေဒါအသင်းက တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရပြီး ၁၆ သင်းရှုံးထွက် အဆင့်ကို ပထမဆုံးအကြိမ်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုပွဲတွေမှာ ခံစစ်ကစားပုံအားနည်းပေမဲ့ရှုံးထွက်အဆင့်မှာတော့ ခံစစ်ကို ပြန်လည်ပြင်ဆင်လာတာကို တွေ့ရတာကြောင့် မော်ရိုကိုအသင်းနဲ့ပွဲမှာ တိုက်စစ်ပိုင်းခြေစွမ်းပြနိုင်ရင် နိုင်ပွဲရှာနိုင်မှာဖြစ်ပါတယ်။

မော်ရိုကိုအသင်းဟာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ထိရောက်ရှိခဲ့ပြီး တတိယနေရာရရှိခဲ့လို့ အာဖရိကဇုန်က အသင်းတွေထဲမှာ အမြင့်ဆုံးအဆင့်ကို ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ အခုနှစ်မှာလဲ သူတို့အသင်းဟာ အုပ်စုအဆင့်မှာ ဘရာဇီး၊ စကော့တလန်၊ ဟေတီအသင်းတို့နဲ့ ကစားခဲ့ရတာကြောင့် အုပ်စုဒုတိယနေရာနဲ့ ရှုံးထွက်အဆင့် ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းရဲ့ အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ပိုင်းက ဆိုင်ဘာရီ၊ ဘရာဟမ်ဒီယက်ဇ်နဲ့ အိုနာဟီတို့က ခြေစွမ်းပြသနိုင်ခဲ့တာကို သတိပြုရမှာပါ။ ၃၂ သင်းအဆင့်ရှုံးထွက်အဆင့်မှာတော့ ဥရောပဇုန်က ခြေစွမ်းပိုင်းထက်မြက်တဲ့ နယ်သာလန်အသင်းနဲ့ ကစားခဲ့ရပေမဲ့ နယ်သာလန်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ခဲ့ပြီး အပြန်အလှန်ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲကစားချိန်အတွင်းမှာလဲ နည်းပြရဲ့နည်းဗျူဟာအခင်းအကျင်းကောင်းမွန်မှုတွေကြောင့် သုံးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပြီး ၁၆ သင်း အဆင့်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာ တွေ့ဆုံခဲ့ဖူးပြီး မော်ရိုကိုအသင်းက နိုင်ပွဲရခဲ့ပေမဲ့ လက်ရှိမှာ ကနေဒါအသင်းက အိမ်ရှင်အားသာချက်နဲ့ ယုံကြည်မှုပိုင်းပိုကောင်းနေတာကြောင့် အခုပွဲမှာကနေဒါအသင်းပဲ ရလဒ်ကောင်းမှာပါ။

### ကနေဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကနေဒါ | ၁ | - | ၁ | အိုက်စလန် |
| ကနေဒါ | ၁ | - | ၁ | ဘော့စ်နီးယား |
| ကနေဒါ | ၆ | - | ၀ | ကာတာ |
| ဆွစ်ဇာလန် | ၂ | - | ၁ | ကနေဒါ |
| တောင်အာဖရိက | ၀ | - | ၁ | ကနေဒါ |

### မော်ရိုကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မော်ရိုကို | ၁ | - | ၁ | နော်ဝေ |
| ဘရာဇီး | ၁ | - | ၁ | မော်ရိုကို |
| စကော့တလန် | ၀ | - | ၁ | မော်ရိုကို |
| မော်ရိုကို | ၄ | - | ၂ | ဟေတီ |
| နယ်သာလန် | ၁ | - | ၁ | မော်ရိုကို |

## ကိုလံဘီယာအသင်းကို ရွေးရမှာပါ

ကိုလံဘီယာအသင်းကတော့ ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာ ပေါ်တူဂီ၊ ကွန်ဂို၊ ကာဇက်စတန်အသင်းတို့နဲ့ကစားခဲ့ရပေမဲ့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ အုပ်စုဗိုလ်နဲ့ရှုံးထွက်အဆင့် ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ကိုလံဘီယာအသင်း ၄-၃-၃ ကစားကွက်ကိုသာ အသုံးပြုခဲ့ပြီး အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ကစားပုံကလဲ အားရစရာကောင်းခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ပေါ်တူဂီလိုအဘက်ဘက်က အသာစီးရနေတဲ့ အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ပြီး ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းကြောင့် အခုပွဲမှာဂါနာလိုအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာနေလို့ ကိုလံဘီယာအသင်းနိုင်ပွဲရှာနိုင်မှာ သေချာပါတယ်။

ဂါနာအသင်းကတော့ ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာ အဆင့် (၃) မှာ ရောက်ရှိခဲ့ပေမဲ့ အကောင်းဆုံးအုပ်စု တတိယအသင်းအနေနဲ့ ၃၂ သင်းအဆင့်ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အီနာကီဝီလျံ၊ ဆီမီညီတို့လို ကစားသမားကောင်းတွေပိုင်ဆိုင်ခဲ့ပေမဲ့ အသင်းလိုက်ကစားအားနဲ့ နည်းစနစ်ပိုင်းမှာတော့ လိုအပ်ချက်များစွာ ရှိနေတာကိုတွေ့ရမှာပါ။ အုပ်စုပွဲတွေမှာလဲ ပနားမားလိုအသင်းကိုတော့ အကြိတ်အနယ်ကစားခဲ့ရပြီးမှ နိုင်ပွဲရခဲ့သလို နည်းပြကားလို့စ်ကလဲ ခံစစ်အားပြုကစားနေတာကြောင့် ကိုလံဘီယာအသင်းနဲ့ပွဲမှာ အခက်တွေ့မှာသေချာပါတယ်။ သူတို့နှစ်သင်းသမိုင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှုမရှိပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားကွက်ပိုင်းမှာ ကိုလံဘီယာအသင်းက အသာရနေသလို ဂါနာအသင်းခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်တဲ့ လူးဝစ်ဒီယက်ဇ်၊ ဂျိမ်းရိုဒရီကွက်ဇ်တို့လို ကစားသမားကောင်းတွေရှိနေတာကြောင့် အခုပွဲမှာ ကိုလံဘီယာအသင်းကိုပဲ ရွေးရမှာပါ။

### ကိုလံဘီယာအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုလံဘီယာ | ၃ | - | ၁ | ကော်စတာရီကာ |
| ကိုလံဘီယာ | ၂ | - | ၀ | ဂျော်ဒန် |
| ဥဇဘက်ကစ္စတန် | ၁ | - | ၃ | ကိုလံဘီယာ |
| ကိုလံဘီယာ | ၁ | - | ၀ | ကွန်ဂို |
| ကိုလံဘီယာ | ၀ | - | ၀ | ပေါ်တူဂီ |

### ဂါနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မက္ကဆီကို | ၂ | - | ၀ | ဂါနာ |
| ဝေးလ် | ၁ | - | ၁ | ဂါနာ |
| ဂါနာ | ၁ | - | ၀ | ပနားမား |
| အင်္ဂလန် | ၀ | - | ၀ | ဂါနာ |
| ခရိုအေးရှား | ၂ | - | ၁ | ဂါနာ |

## အာဂျင်တီးနားအသင်း နိုင်ပွဲရမှာပါ

လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းဟာ အခုပြိုင်ပွဲမှာလဲ ခြေစွမ်းပြသနေတာကြောင့် ချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ ရေပန်းစားနေတာလဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုအဆင့်မှာ အယ်ဂျီးရီးယား၊ ဩစတြီးယား၊ ဂျော်ဒန်တို့လို အသင်းတွေနဲ့ကစားခဲ့ရပြီး သုံးပွဲစလုံးနိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်မှူး မက်ဆီကလဲ သုံးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့ပြီး သွင်းဂိုးခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အာဂျင်တီးနားအသင်းဟာ မက်ဆီကို ဗဟိုပြုကစားတဲ့အသင်းလို့ထင်ရပေမဲ့ အခုပြိုင်ပွဲမှာတော့ မက်ဆီမပါတဲ့ပွဲတွေမှာလဲ တိုက်စစ်ပိုင်းက မာတီနက်ဇ်၊ ဒီပေါလ်၊ နစ်ကိုးဂွန်ဇာလက်တို့က ခြေစွမ်းပြသနေတာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းကတော့ အသင်းလိုက်ကစားအားကောင်းနေသလို အလွတ်တည်ကန်ဘောတွေမှာလဲ ပြိုင်ဘက်ဂိုးပေါက်ကို အမြဲခြိမ်းခြောက်နိုင်တာကြောင့် အုပ်စုအဆင့်မှာ သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိရှုံးထွက်အဆင့်မှာတော့ ကိတ်ဗာဒီလို ပထမဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဝင်လာတဲ့ အသင်းနဲ့တွေ့ဆုံနေတာကြောင့် ကစားသမားအလှည့်ကျအသုံးပြုခဲ့ရင်တောင် ပွဲချိန်ပြည့်ဖိအားပေးပြီး နိုင်ပွဲရသွားမှာပါ။

ကိတ်ဗာဒီအသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ပေမဲ့ သုံးပွဲစလုံး သရေကစားနိုင်တာကြောင့် ရှုံးထွက်အဆင့်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အုပ်စုအဆင့်မှာ စပိန်အသင်း၊ ဥရုဂွေးအသင်း၊ ဆော်ဒီအာရေဗျအသင်းတို့လို အသင်းကြီးတွေနဲ့ကစားရပေမဲ့အဖွင့်ပွဲမှာ စပိန်ကို ဂိုးမရှိသရေကစားနိုင်ခဲ့ပြီးနောက်ပိုင်း ယုံကြည်ပိုင်းအားကောင်းလာခဲ့ပြီး ဥရုဂွေးအသင်းကိုတောင် အပြန်အလှန်ဂိုးတွေ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းမှာ ထိပ်တန်းအဆင့်ကစားသမားမရှိပေမဲ့ အသင်းလိုက်ကစားအားနဲ့ နည်းစနစ်ပိုင်းမှာ ကောင်းမွန်ခဲ့တာဖြစ်လို့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အတွေ့အကြုံရှိတဲ့အသင်းတွေကို ရမှတ်ခွဲယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ အာဂျင်တီးနားအသင်းနဲ့ယှဉ်ရင်တော့ ဘောလုံးအဆင့်အတန်းကွာဟမှုများနေသလို ကစားသမားစုဖွဲ့မှုနဲ့ အတွေ့အကြုံပိုင်းမှာလဲ အာဂျင်တီးနားကို ယှဉ်မရပါဘူး။ ဒါကြောင့် အခုပွဲမှာ အာဂျင်တီးနားအသင်းက အရန်ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ရင်တောင် ကိတ်ဗာဒီလိုအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာနေတာဖြစ်လို့ အခုပွဲမှာ အာဂျင်တီးနားအသင်းပဲ နိုင်ပွဲရမှာပါ။

### အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၂ | - | ၀ | ဟွန်ဒူးရပ်စ် |
| အာဂျင်တီးနား | ၃ | - | ၀ | အိုက်စလန် |
| အာဂျင်တီးနား | ၃ | - | ၀ | အယ်လ်ဂျီးရီးယား |
| အာဂျင်တီးနား | ၂ | - | ၀ | ဩစတြီးယား |
| ဂျော်ဒန် | ၁ | - | ၃ | အာဂျင်တီးနား |

### ကိတ်ဗာဒီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိတ်ဗာဒီ | ၁ | - | ၁ | ဖင်လန် |
| ကိတ်ဗာဒီ | ၃ | - | ၀ | ဆားဘီးယား |
| စပိန် | ၀ | - | ၀ | ကိတ်ဗာဒီ |
| ဥရုဂွေး | ၂ | - | ၂ | ကိတ်ဗာဒီ |
| ကိတ်ဗာဒီ | ၀ | - | ၀ | ဆော်ဒီအာရေဗျ |

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံက စင်ကာပူနိုင်ငံကို Hellfire အသံထက်မြန်သောဒုံးကျည်များ ရောင်းချရန် ခွင့်ပြုခဲ့



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနသည် စင်ကာပူနိုင်ငံကို AGM-114R Hellfire အသံထက်မြန်သော ဒုံးကျည်များ ရောင်းချရန်အတွက် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၃ သန်းတန်ဖိုးရှိ စစ်ဘက်ဆိုင်ရာ အရောင်းအဝယ်တစ်ရပ်ကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအစီအစဉ်သည် စင်ကာပူနိုင်ငံ၏ တိကျမှုမြင့်မားသော လက်နက်စနစ်များ ဝယ်ယူမှုအစီအစဉ်ကို တိုးချဲ့လိုက်ခြင်းပင်ဖြစ်သည်။ ယခုရောင်းချမှုတွင် ဒုံးကျည် ၂၄ စင်းပါဝင်မည်ဖြစ်ပြီး ယခင်က မှာယူထားသည့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ သန်းတန်ဖိုးရှိအမှာစာများနှင့် ပေါင်းစပ်လိုက်ပါက စင်ကာပူနိုင်ငံအတွက် စုစုပေါင်း ဒုံးကျည် ၆၇ စင်းထိ ရရှိသွားလိမ့်မည်ဖြစ်သည်။ အဆိုပါရောင်းချမှုတွင် ဒုံးကျည်များအပြင် တပ်ဖွဲ့ဝင်များအတွက် လေ့ကျင့်ရေးသင်တန်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများနှင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများလည်း ပါဝင်သည်။

ထို့ပြင် Hellfire အသံထက်မြန်သော ဒုံးကျည်အပိုပစ္စည်းများအတွက် ငါးနှစ်တာကာလအတွင်း ပံ့ပိုးပေးခြင်း၊ M299 ဒုံးပစ်စင်ကို ပြန်လည်ပြင်ဆင်ခြင်း၊ ပွဲထိန်းမဲ့ဒုံးကျည်များနှင့် မီးရှူးမီးပန်းများ ပံ့ပိုးပေးခြင်း၊ ဆော့ဖ်ဝဲစစ်ဆေးခြင်း၊ AN/AWM-101 ဒုံးကျည်စမ်းသပ်ကိရိယာအတွက် ချိန်ညှိမှုများပြုလုပ်ခြင်းနှင့် နည်းပညာဆိုင်ရာ လက်စွဲစာအုပ်များ ပံ့ပိုးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဤဝယ်ယူမှုသည် စင်ကာပူနိုင်ငံ၏ အနာဂတ်ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏စစ်ရေးပြင်ဆင်မှုအစီအစဉ်များကို ပိုမိုမြင့်တင်ပေးနိုင်မည်ဖြစ်သည်။ အဆိုပါ ရောင်းချပေးမှုသည် အာရှ-ပစိဖိတ်ဒေသ၏ စစ်ရေးမျှခြေကို ပြောင်းလဲသွားစေမည်မဟုတ်ဘဲ အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေးအသင့်ရှိနေမှုအပေါ်တွင်လည်း ထိခိုက်မှုရှိမည်မဟုတ်ကြောင်း အမေရိကန်အစိုးရက အာမခံထားသည်။

Hellfire ဒုံးကျည်သည် အလျား ၆၄ လက်မ (၁၆၃ စင်တီမီတာ)၊ အချင်း ခုနစ်လက်မ (၁၈ စင်တီမီတာ) ရှိပြီး အလေးချိန်အားဖြင့် ၄၉ ကီလိုဂရမ် (၁၀၈ ပေါင်) ရှိသည်။ အဆိုပါဒုံးကျည်သည် တင့်ဖျက်စွမ်းရည်၊ ပေါက်ကွဲမှုဖြစ်စေသည့် အစိတ်အပိုင်းများ၊ ဖုံးစများကို ပျံ့နှံ့စေသည့် စနစ်များကဲ့သို့သော သက်ရောက်မှုများရှိသည့် ထိပ်ဖူးများကို သယ်ဆောင်နိုင်သည်။ ဤဒုံးကျည်ကို Thiokol TX-657 တစ်ဆင့်တည်းကွဲ အစိုင်အခဲလောင်စာ ဒုံးအင်ဂျင်ဖြင့် မောင်းနှင်ထားပြီး လေဆာဖြင့် လမ်းညွှန်ခြင်းနှင့် ရေဒါဖြင့်ရှာဖွေခြင်းစနစ်များ ပါဝင်သဖြင့် လူစီးလေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ တင့်ကားများ၊ သင်္ဘောများနှင့် ယာဉ်များကို ထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။ စစ်ဆင်ရေးများတွင် Hellfire အသံထက်မြန်သောဒုံးကျည်သည် တစ်နာရီလျှင် ၁၆၀၅ ကီလိုမီတာနှုန်းဖြင့် ပျံသန်းနိုင်ပြီး ၁၁ ကီလိုမီတာ အကွာအဝေးထိ ပစ်မှတ်များကို ဖျက်ဆီးနိုင်ကြောင်း သိရသည်။

**US Approves Expanded Hellfire Missile Sale to Singapore** ကို ဘာသာပြန်ဆိုထားပါသည်။

## ကူဝိတ်နိုင်ငံက အမေရိကန်နိုင်ငံထံမှ NASAMS လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ဝယ်ယူဖြည့်တင်း

ကူဝိတ်နိုင်ငံသည် လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် အမေရိကန်နိုင်ငံထံမှ အမေရိကန်ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိ NASAMS လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်များ ဝယ်ယူဖြည့်တင်းခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဝယ်ယူမှုသည် အမေရိကန်၏ နိုင်ငံခြားစစ်ဘက်ဆိုင်ရာ အရောင်းအဝယ်အစီအစဉ်အရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ပြီးခဲ့သည့်မေလက အမေရိကန်ကြည်းတပ်က Raytheon ကုမ္ပဏီသို့ ပေးအပ်ခဲ့သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံတန်ဖိုးရှိ NASAMS အမှာစာ၏ အဆက်အစပ်တစ်ခုဖြစ်သည်။ ကူဝိတ်နိုင်ငံက ဝယ်ယူထားသော NASAMS ဒုံးကျည်စနစ်များ ပေးပို့မည့်ရက်အတိအကျကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ယခင်စာချုပ်ပါ သတ်မှတ်ချက်အရ ၂၀၃၁ ခုနှစ်မေလတွင် လုပ်ငန်းများပြီးစီးရန် သတ်မှတ်ထားသည်။

NASAMS ဒုံးကျည်စနစ်သည် Raytheon ကုမ္ပဏီနှင့် Kongsberg ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ Kongsberg ကုမ္ပဏီက ပစ်ခတ်မှုထိန်းချုပ်ရေးစင်တာ လောင်ချာများနှင့် ဆက်သွယ်ရေးစနစ်များကို တာဝန်ယူပေးပြီး Raytheon ကုမ္ပဏီက Advanced Medium-Range Air-to-Air Missile (AMRAAM)၊ AIM-9X Sidewinder ဒုံးကျည်များနှင့် ရေဒါစနစ်များကို ပံ့ပိုးပေးထားသည်။

ဘက်စုံကာကွယ်ရေးကွန်ရက်၏ အစိတ်အပိုင်းအဖြစ် ဒေသတွင်း တင်းမာမှုများ မြင့်တက်လာချိန်တွင် ကူဝိတ်နိုင်ငံသည် ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကို ခေတ်မီစေရန် ကြိုးပမ်းလျက်ရှိသည်။ NASAMS ဒုံးကျည်စနစ်သည် ကူဝိတ်၏ ဘက်စုံ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ထဲသို့ ပေါင်းစပ်သွားမည်ဖြစ်ပြီး ပြည်သူလူထု၊ အရေးပါသော အခြေခံအဆောက်အအုံများနှင့် မဟာဗျူဟာမြောက်ပစ်မှတ်များကို လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

Kongsberg ကုမ္ပဏီ ဥက္ကဋ္ဌ Kjetil Reiten Myhra က ဤဝယ်ယူမှုသည် ခေတ်မီပြီး လိုက်လျောညီထွေရှိကာ စစ်မြေပြင်တွင် စမ်းသပ်ပြီးဖြစ်သည့် လေကြောင်းရန် ကာကွယ်ရေးစနစ်များ လိုအပ်နေသော ကူဝိတ်နိုင်ငံ၏ အရေးပေါ်စစ်ဆင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



NASAMS ဒုံးကျည်စနစ်သည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး တာလတ်မှ တာဝေးပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်နိုင်သည့် ပေါက်ကွဲမှုမြင့်မားသော ထိပ်ဖူးများ တပ်ဆင်ထားသည်။ လောင်ချာတစ်ခုစီတွင် ဒုံးကျည်ခြောက်စင်းထိ တပ်ဆင်နိုင်ပြီး လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ခရူဇ်ဒုံးကျည်များကို ၃၇ မိုင် အကွာအဝေးထိ ပစ်ခတ်တိုက်ခိုက်နိုင်သည်။ ဖြန့်ကြက်ထားသော အာရုံခံစနစ်များကို အသုံးပြု၍ ၇၅ မိုင် ပတ်လည်အတွင်းရှိ ခြိမ်းခြောက်မှုများကို ရှာဖွေနိုင်ပြီး အမြင့်ပေ ၆၉၀၀၀ ထိ ပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်နိုင်သည်။ ကူဝိတ်နိုင်ငံ၏ ဝယ်ယူမှုနှင့်အတူ NASAMS ဒုံးကျည်စနစ်ကို ယူကရိန်း၊ ဩစတြေးလျ၊ ချီလီ၊ စပိန်နှင့် အမေရိကန် အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံကလည်း ရွေးချယ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**Kuwait Bolsters Air Defenses With $400M NASAMS Order** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အမျိုးသားများနှင့်တန်းတူအခွင့်အရေးရရှိရေး အမျိုးသမီးကဏ္ဍမြှင့်တင်ပေး

ကျော်တင့်(ရွှေခရမ်း)

နှစ်စဉ် ဇူလိုင် ၃ ရက်တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့သည် မြန်မာနိုင်ငံဒေသအသီးသီးတွင်နေထိုင်ကြသည့် မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်သည့်နေ့တစ်နေ့ဖြစ်ပြီး အလွှာပေါင်းစုံက အမျိုးသမီးများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးသည့်နေ့ရက်လည်းဖြစ်သည်။ ၁၉၉၅ ခုနှစ်က တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ဘေဂျင်းကြေညာစာတမ်းတွင် လုပ်ငန်းနယ်ပယ်အသီးသီးက အမျိုးသမီးများအားလုံးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတိုင်းတွင် အမျိုးသမီးကော်မတီများဖွဲ့စည်းရန်ဆိုသည့်အချက် ပါရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများအားလုံးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထားဆောင်ရွက်ပေးလျက်ရှိသည်။ လေးစားဂုဏ်ယူဖွယ်ရာစွမ်းဆောင်ရည်ရှိသည့် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်ကစပြီး ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားများကို ကျင်းပခဲ့သည်။ မြန်မာအမျိုးသမီးများနေ့သည် အမျိုးသမီးများကို ဂုဏ်ပြုရုံသက်သက်တင်မကဘဲ ၎င်းတို့၏ဘဝ လုံခြုံရေး၊ တန်းတူညီမျှမှုနှင့် အခွင့်အရေးများကို ပိုမိုလေးစားတန်ဖိုးထားလာစေရန် လူထုကို သတိပေးနှိုးဆော်သည့်နေ့တစ်နေ့လည်းဖြစ်သည်။

မြန်မာ့သမိုင်းကို ပြန်လည်ကြည့်ရှုလျှင် ရှေးယခင်ကတည်းကပင် မြန်မာအမျိုးသမီးများသည် လွတ်လပ်ခွင့်နှင့် အခွင့်အရေးအပြည့်အဝရရှိခဲ့ကြသူများဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးများသည် အမွေဆက်ခံပိုင်ခွင့်၊ ကိုယ်ပိုင်ပိုင်ဆိုင်ခွင့်နှင့် လင်မယားကွာရှင်းရာတွင်လည်း တန်းတူညီမျှသော အခွင့်အရေးများကို ရှေးကတည်းက ခံစားခဲ့ရသည်။ မြန်မာ့သမိုင်းတွင် ထင်ရှားသော မိဖုရားကြီးရှင်စောပုကဲ့သို့သော အမျိုးသမီးအုပ်ချုပ်သူများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နယ်ချဲ့တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသည့် အမျိုးသမီး တော်လှန်ရေးခေါင်းဆောင်များစွာ ပေါ်ထွန်းခဲ့သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်။

အမျိုးသမီးများသည် လောကသဘာဝအရ လူသားတစ်ယောက်မွေးဖွားလာရန်အတွက် အရေးကြီးသောတာဝန်ကို ထမ်းဆောင်နိုင်သူများဖြစ်သည်။ မည်မျှပင် ထက်မြက်ကြီးကျယ်သောအမျိုးသားဖြစ်ပါစေ ထိုသူတို့ကို မွေးထုတ်ပေးခဲ့သူသည် မိခင်သာဖြစ်သည်။ အမျိုးသမီးများသည် မိသားစုတစ်စု၏ နေ့စဉ်ဘဝစားဝတ်နေရေးနှင့် ကျန်းမာရေးကို ဦးစားပေးစဉ်းစားရသူ၊ သားသမီးများ၏ ပညာရေးအတွက် စဉ်းစားဆောင်ရွက်ပေးရသူ၊ သားသမီးများကို ဆုံးမပဲ့ပြင်ပြုစုပျိုးထောင်ပေးရသူ၊ မိသားစု၏ အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရသူ စသည့် မိသားစုအတွက် အနစ်နာခံရသူများအဖြစ် မိသားစု၏ နေ့စဉ်ဘဝတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေရသူများဖြစ်သည်။ "မောင်တစ်ထမ်း မယ်တစ်ရွက်"ဟူသော မြန်မာဆိုရိုးစကားနှင့် "စီးတဲ့ရေဆည်တဲ့ကန်သင်း"ဟူသော မြန်မာစကားပုံတို့သည် အိမ်ထောင်စုတစ်စုတွင် အမျိုးသားရော အမျိုးသမီးပါ နှစ်ဦးစလုံးသူ့နေရာနှင့် သူအရေးပါအရာရောက်ကြောင်းနှင့် နှစ်ဦးစလုံးတွင် ကိုယ်ပိုင်အရည်အချင်းစွမ်းရည်အပြည့်ရှိကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် မိသားစုတစ်စုတွင် အမျိုးသားများသည် အရေးပါသကဲ့သို့ အမျိုးသမီးများသည်လည်း အရာရောက်သူများဖြစ်သည်ဟုဆိုနိုင်သည်။




မျက်မှောက်ကာလတွင် အမျိုးသမီးများသည် အိမ်ထောင့်တာဝန်ကိုသာမက အမျိုးသားများနှင့် ရင်ပေါင်တန်း၍ မိမိအကျိုးနှင့် အများအကျိုးကို သယ်ပိုးထမ်းဆောင်နေကြပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးက ကာယအား၊ ဉာဏအားအပြည့်ဖြင့် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်လျက်ရှိသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအဖြစ် အောင်မြင်နေကြသည့် အမျိုးသမီးများ စဉ်ဆက်မပြတ်တိုးပွားလာသကဲ့သို့ စာပေ၊ ဂီတ၊ ရုပ်ရှင် စသည့်အနုပညာနယ်ပယ်များတွင်လည်း အမျိုးသမီးထူးချွန်သူများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်နေကြသည့် မြန်မာအမျိုးသမီးများစွာ ပေါ်ပေါက်လာပြီဖြစ်သည်။

ထိုကဲ့သို့ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်ရင်ပေါင်တန်း၍ ဆောင်ရွက်နေသော်လည်း အခြားတစ်ဖက်၌ လုပ်ငန်းခွင်အတွင်း အမျိုးသမီးများကို ခွဲခြားဆက်ဆံခံရမှုများ၊ အိမ်တွင်းအကြမ်းဖက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများနှင့် ငွေကြေးပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် အိမ်ရာမဲ့အမျိုးသမီးများ၊ မသန်စွမ်းသူအမျိုးသမီးများနှင့် မိသားစုမှ ပစ်ပယ်ခံထားရသူအမျိုးသမီးများသည် ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမူခံရခြင်းများကို ပိုမိုခံစားရလျက်ရှိသည်။

ယခုခေတ်ကာလတွင် အမျိုးသမီးများအပေါ် နည်းပညာဆိုင်ရာအကြမ်းဖက်မှုအဖြစ် ဆော့ဝဲများအသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးပစ္စည်းကိရိယာကို အသုံးပြု၍သော်လည်းကောင်း သတင်းအချက်အလက်များ၊ ဓာတ်ပုံ၊ ဗီဒီယိုများဖြန့်ဝေခြင်းနှင့် ဖလှယ်ခြင်းများကိုပြုလုပ်ခြင်း၊ သာမန်ဓာတ်ပုံများကို နည်းပညာသုံး၍ ညစ်ညမ်းဓာတ်ပုံများအဖြစ်ပြုပြင်ကာ ဖြန့်ဝေခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအကောင့်များထဲထိ လိုက်လံနှောင့်ယှက်ခြင်း၊ မဖွယ်မရာမက်ဆေ့ချ်များပေးပို့ခြင်းနှင့် ခြိမ်းခြောက်ခြင်း စသည့်အွန်လိုင်းအကြမ်းဖက်ခြင်းများကို ပြုလုပ်လာကြသည်။

ထို့ပြင် အွန်လိုင်းမှတစ်ဆင့် ဟန်ဆောင်လိမ်ညာခေါ်ဆောင်ပြီး အလုပ်သမားများအဖြစ် ခေါင်းပုံဖြတ်စေခိုင်းခြင်း၊ ပြည်ပနိုင်ငံများသို့ ဇနီးမယားအဖြစ်ရောင်းစားခြင်းကဲ့သို့သော အကြမ်းဖက်မှုများကိုလည်း တွေ့ရှိနေရသည်။ ယခုခေတ်တွင် ကျောင်းနေအရွယ် ကလေးများ၊ အမျိုးသမီးငယ်များသည် လက်ကိုင်ဖုန်းအသုံးပြုရာတွင် ကောင်းမွန်သည့်အကျိုးရလဒ်များရရှိနိုင်သကဲ့သို့ အန္တရာယ်လည်းရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အမျိုးသမီးငယ်များ ဖုန်းအသုံးပြုခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများရှာဖွေရာတွင် လမ်းကြောင်းမမှားစေရန် အရေးကြီးသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးက လက်ခံနိုင်ဖွယ်ရာမရှိသော၊ ခွင့်လွှတ်နိုင်ဖွယ်မရှိသော အကြမ်းဖက်မှုပင်ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သကဲ့သို့ ဥပဒေအရ အရေးယူနိုင်သည့် ရာဇဝတ်မှုလည်းဖြစ်သည်။ အမျိုးသမီးများအား အကြမ်းဖက်မှုအဆုံးသတ်ခြင်းသည် အမျိုးသမီးများအတွက်သာမက တစ်မိသားစုလုံး၊ ရပ်ရွာတစ်ခုလုံးအတွက် အကျိုးရှိမည်ဖြစ်ပြီး ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား၊ မတန်းတူညီမျှအခွင့်အရေးများရရှိစေရန်အတွက် နိုင်ငံတကာကတိကဝတ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး၊ အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကျား၊ မ ရေးရာထည့်သွင်းစဉ်းစားခြင်းမဟာဗျူဟာမူဘောင်၊ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုနှင့် ခေါင်းဆောင်မှု စသည့်လုပ်ငန်းစီမံချက်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကျား၊ မ တန်းတူညီမျှရေးအတွက် နိုင်ငံအလိုက် အမျိုးသမီးအခွင့်အရေးများ အပြည့်အဝရရှိအောင် ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံအလိုက် သတ်မှတ်ထားသည့် ယဉ်ကျေးမှု၊ ကျင့်သုံးနေကြသည့်အစဉ်အလာ၊ ရိုးရာဓလေ့ထုံးစံများအရ ကျား၊ မ တန်းတူညီမျှရေးတွင် ပြောင်းလဲခြင်းမပြုနိုင်သေးသည့် အတားအဆီးလိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ အမျိုးသမီးများ ဂုဏ်သိက္ခာရှိရှိရှင်သန်ရပ်တည်နိုင်ရေးအတွက် အခက်အခဲပြဿနာများကို နည်းလမ်းမျိုးစုံဖြင့် ကူညီဖြေရှင်းပေးခြင်း၊ အကြမ်းဖက်ခံရသူများ၏ ကိုယ်ရောစိတ်ပါစွဲကပ်နေသည့် ဒဏ်ရာဒဏ်ချက်များကို ကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ညှိနှိုင်းနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များကို ရှုတ်ချခြင်း၊ အကြမ်းဖက်ခံရသူအမျိုးသမီးများဘက်မှ ရပ်တည်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အမျိုးသမီးများ၏စွမ်းဆောင်ရည်နှင့် ရပိုင်ခွင့်များကို မြှင့်တင်ပေးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အခွင့်အရေးများရှာဖွေဖော်ထုတ်ပေးခြင်း၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရ ကာကွယ်ပေးခြင်းများဆောင်ရွက်ရမည်ဖြစ်သည်။

အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်များ၏ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြားတတ်မြောက်ရေးကို မြှင့်တင်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသမီးများ၏စွမ်းရည်များကို မြှင့်တင်ရန်လိုအပ်သည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ထိပါးနှောင့်ယှက်ခံရမှု၊ အကြမ်းဖက်မှုများ ကြုံတွေ့နေရမှုအပေါ် ကျူးလွန်ခံရသူကို မိဘဆွေမျိုး၊ အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်တို့မှ အပြစ်တင်ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းများမပြုလုပ်ဘဲ ကာကွယ်ဖေးမပေးခြင်း၊ စာနာနားလည်ပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးတိုင်းအတွက် လိုအပ်သည့် လူမှုရေးအထောက်အပံ့ကောင်းများကို လွယ်လင့်တကူရရှိစေရန်ပံ့ပိုးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်ပေါ်လာပါက ရပ်တည်ကူညီပေးမည့် မိသားစု၊ အိမ်နီးချင်းအသိုင်းအဝိုင်းများ ဖြစ်လာစေရေး၊ အကြမ်းဖက်မှုကျူးလွန်သူများကို ပြစ်မှုနှင့်လျော်ညီထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ခြင်းစသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များကို ပြည်သူများကပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အချုပ်အားဖြင့် မြန်မာအမျိုးသမီးများသည် သနားကြင်နာတတ်သူများ၊ ကြံ့ကြံ့ခံနိုင်သောသူများ၊ စွမ်းဆောင်ရည်ရှိသူများဖြစ်ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနှင့် အနုပညာ စသောနယ်ပယ်အသီးသီးတွင်သာမက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်များထိပါ အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်ဖြစ်၍ အမျိုးသမီးကဏ္ဍကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၃-၇-၂၀၂၅ ရက်ထုတ် သတင်းစာများ။

# ဖော်ထုတ်ဖြန့်ဝေ မဟာဂီတအမွေ မဟာဂီတအဆိုပြိုင်ပွဲ စာနယ်ဇင်းမိတ်ဆက်ခြင်းနှင့် မတည်အလှူငွေလက်ခံပွဲ ကျင်းပ




ရန်ကုန် ဇူလိုင် ၂

ဖော်ထုတ်ဖြန့်ဝေ မဟာဂီတအမွေ မဟာဂီတအဆိုပြိုင်ပွဲ စာနယ်ဇင်း မိတ်ဆက်ခြင်းနှင့် မတည်အလှူငွေ လက်ခံပွဲကို ဇူလိုင် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မင်းကွန်းတိပိဋကရွှေရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာ့သံတေးသံရှင် ဒေါ်ရီရီသန့်က ပြောပြ၍ သိရသည်။

မဟာဂီတအဆိုပြိုင်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှုဂီတအမွေမဟာဂီတသီချင်းကြီးများ မပျောက်ပျက်စေရန်နှင့် မဟာဂီတကို မြတ်နိုးတန်ဖိုးထားသည့် မျိုးဆက်သစ်အဆိုရှင်များ ပေါ်ပေါက်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကိုယ့်ရဲ့ကျေးဇူးရှင် ဆရာသမား စောင်းပညာရှင် ဘဘ အင်းလေးဦးမြင့်မောင်ကို လွမ်းဆွတ်ခြင်း အထိမ်းအမှတ် အနေနဲ့ရော ဇူလိုင် ၁၂ ရက်မှာ ကျရောက်မဲ့ ကိုယ့်ရဲ့ မွေးနေ့အထိမ်းအမှတ်အနေနဲ့ပါ လုပ်ဖြစ်တာပါ။ ဒီအဆိုပြိုင်ပွဲကို မြန်မာ့ယဉ်ကျေးမှုရိုးရာဂီတအမွေ မဟာဂီတသီချင်းကြီးတွေ မပျောက်ပျက်စေဖို့နဲ့ မဟာဂီတမြတ်နိုးတဲ့မျိုးဆက်သစ်အဆိုရှင်တွေ ပေါ်ပေါက်စေဖို့ ရည်ရွယ် ကျင်းပတာဖြစ်ပါတယ်။ မဟာဂီတ တေးသီချင်းတွေကို တိမ်မြုပ် ပျောက်ကွယ်သွားမှာစိုးရိမ်လို့ ဒီပွဲကို ကျင်းပတာပါ"ဟု မြန်မာ့သံတေးသံရှင် ဒေါ်ရီရီသန့်က ပြောပြသည်။

အဆိုပါ မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုငွေကျပ် သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းနှုန်း ချီးမြှင့်ပေးအပ်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် မြန်မာ့သံတေးသံရှင် ရီရီသန့်၊ နှင်းရီသန့်နှင့်အတူ မြန်မာ့သံ မြတ်နိုးသူ ဂီတဝါသနာရှင် အလှူရှင်များက ငွေကျပ် သိန်း ၁၀၀၊ ဘဒ္ဒန္တ ခေမာသီရိ (လှတောဆရာတော်) က ငွေကျပ် သိန်း ၅၀၊ အောင်ဇမ္ဗူဆရာတော်က ငွေကျပ် ၄၄ သိန်း၊ New Active Production က ငွေကျပ် သိန်း ၅၀၊ Music City Myanmar က ငွေကျပ် သိန်း ၂၀ စသည်ဖြင့် အလှူငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ASH

# Paranormal Activity ဇာတ်ကား၌ မင်းသား ချာဆီယီ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇူလိုင် ၂

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ Paranormal Activity ရုပ်ရှင်ဇာတ်ကား၌ မင်းသား ချာဆီယီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

Paranormal Activity ဇာတ်ကားသစ်တွင် မင်းသား ချာဆီယီသည် အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Paranormal Activity ဇာတ်ကားသစ်၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို Blumhouse နှင့် Paramount ကုမ္ပဏီတို့က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို ကနေဒါ ဒါရိုက်တာ အိုင်ယန်တူအာဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဒါရိုက်တာ အိုင်ယန်တူအာဆန်သည် A 24 ရုပ်ရှင်၏ Undertone ဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ပြီး မင်းသား ချာဆီယီသည် Mythic Quest ဇာတ်ကားဖြင့် ထင်ရှားသည့် မင်းသားဖြစ်သည်။

Paranormal Activity ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၂၁ ရက်တွင် ရုံတင်ပြသရန် Blumhouse နှင့် Paramount ကုမ္ပဏီတို့က စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# အဆုံးမဲ့နိဂုံး ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ခြင်းအခမ်းအနား ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ပြုလုပ်

ရန်ကုန် ဇူလိုင် ၂

ရွှေနဒီရွှေရည် အပလီကေးရှင်းက ထုတ်လွှင့်ပြသနေသည့် အဆုံးမဲ့နိဂုံး ဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ဖြိုးလေးက ပြောပြ၍ သိရသည်။

အဆုံးမဲ့နိဂုံး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဖြိုးလေးက ရေးသားထားပြီး ဒီဒီထက်အောင်နှင့် သူရသဝါတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝင်းလွင်ထက်က ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ ငွေကြေး၊ ဩဇာ၊ အာဏာကြီးတဲ့ မိသားစုနှစ်စုကြားက ဆွေစဉ်မျိုးဆက်ဖြစ်ပေါ်လာခဲ့တဲ့ အာဃာတရန်ငြိုး



တွေ၊ ကလဲ့စားချေလိုမှုတွေကို အက်ရှင်ဒရာမာ ဇာတ်လမ်းတစ်ပုဒ်အဖြစ် ကြည့်ရှုခံစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဒီဒီထက်အောင်နဲ့ တိုင်ပင်ပြီးတော့ ဇာတ်ညွှန်းခွဲပြီး ရေးပေးတာပါ။ ကျွန်တော့်ရဲ့ ပထမဆုံးရိုက်ဖြစ်တဲ့ ဇာတ်ပါ။ မြန်မာအက်ရှင်ဒရာမာ ဇာတ်လမ်းတွဲလေးကို ကြိုက်နှစ်သက်ကြတဲ့ မြန်မာတို့အတွက် အသစ်အဆန်းရသတွေနဲ့ အမိုက်စားကြည့်ရှုရအုံးမဲ့ အဆုံးမဲ့နိဂုံး ဇာတ်လမ်းတွဲကို ရွှေနဒီရွှေရည် အပလီကေးရှင်းမှာ ဆက်လက်အားပေးကြပါအုံး"ဟု သရုပ်ဆောင် ဖြိုးလေးက ပြောပြသည်။

အဆုံးမဲ့နိဂုံး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဖြိုးလေး၊ မင်းဦး၊ ချာလီ၊ နေထွဋ်၊ နေရဲ၊ ဝါဆိုမိုးဦး၊ စူးရှထူးကြည်၊ ယမင်းမေဦး၊ သဲနန္ဒီစျာန်၊ ထက်သီရိကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Ocean's Eleven ဇာတ်ကား၌ မင်းသမီး မိုနီကာဘာဘာရို ပါဝင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၂

ဝါနာဘရားသားကုမ္ပဏီ၏ Ocean's Eleven ဇာတ်ကားသစ်တွင် မင်းသမီး မိုနီကာဘာဘာရို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

Ocean's Eleven ဇာတ်ကားတွင် မင်းသမီး မိုနီကာဘာဘာရိုသည် မင်းသား ဘရက်ဒလေကူးပါး၊ မင်းသမီး မားဂေါ့ရောဘီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို မင်းသား ဘရက်ဒလေကူးပါးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားသည်။

မင်းသား ဘရက်ဒလေကူးပါးသည် အော်စကာဆုရ The Star is Born ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိတွင် Ocean's Eleven ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါ ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၂၅ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# မာယာနှစ်မျက်နှာ ရုပ်သံဇာတ်လမ်းတွဲ Premiere Show ပြုလုပ်

ရန်ကုန် ဇူလိုင် ၂

CANAL+ ရုပ်သံလိုင်း၊ CANAL+ ZAT LENN Channel မှ ဇူလိုင် ၆ ရက်မှစတင်ကာ ထုတ်လွှင့်ပြသမည့် မာယာနှစ်မျက်နှာ ရုပ်သံဇာတ်လမ်းတွဲ Premiere Show ကို ဇူလိုင် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Kantharyar Shopping Centre Mingalar Cinemas Kandawgyi ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ဝေလာရီက ပြောပြ၍ သိရသည်။

မာယာနှစ်မျက်နှာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို EVREN က ရေးသားထားပြီး ဖြိုးသဉ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကောင်းမြတ်သူကျော်က Bonanza Production နှင့် CANAL+ Plus Original Series အတွက် ပုံဖော်ရိုက်ကူးပေးထားသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"မာယာနှစ်မျက်နှာဟာ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကာလကို ခေတ်နောက်ခံထားတဲ့ဇာတ်လမ်းကောင်းတစ်ခုဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ဝေလာရဲ့ ဇာတ်ကောင်ကာရိုက်တာက မာယာနေရာက ပါဝင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ဦးမင်းဦး၊ ကိုနေထွဋ်နဲ့ ဝေလာတို့ရဲ့အားပြိုင်မှုတွေကို ကြည့်ရှုခံစားရမှာပါ။ ပရိသတ်တွေအကြိုက်တွေ့မဲ့ ရင်သပ်ရှုမောဖွယ် ဇာတ်အိမ်လေးနဲ့ မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ဝေလာရီက ပြောပြသည်။

မာယာနှစ်မျက်နှာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဦး၊ နေထွဋ်၊ ဝေလာရီ၊ နေနီနွေးထွေး၊ ညည်သည့်သရုပ်ဆောင်စစ်မင်းထက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing holds meeting with President of the Republic of Belarus Mr. Aleksandr Lukashenko



**President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with President of the Republic of Belarus Mr. Aleksandr Lukashenko.**

**Nay Pyi Taw July 2**

President of the Republic of the Union of Myanmar U Min Aung Hlaing held a talk with President of the Republic of Belarus Mr. Aleksandr Lukashenko on his working visit to Myanmar and his delegation members at the Presidential Palace Reception Hall this afternoon.

On their arrival at the Presidential Palace, the Belarusian President to Myanmar was warmly welcomed by President U Min Aung Hlaing.

The two Presidents held a talk at the Presidential Palace Reception Hall.

At the meeting, the President of Myanmar extended greetings that he warmly welcomed the delegation led by the President of Belarus. He was very pleased that the Belarusian President has undertaken such a long journey—from the Russian Federation, China, and Indonesia, and then onward to Myanmar—as an official working visit, reflecting his special friendship and high regard for Myanmar. This is the second time they have met in Myanmar, and they have already held five rounds of discussions. He highly values the Belarusian President's effort in making this working visit, as it clearly reflects friendship and goodwill towards him. He would also like to express his sincere gratitude for the congratulatory message of the Belarusian President when he was elected President after Myanmar successfully held a free and fair multiparty democratic general election. He would further like to state that he deeply appreciate the visit of the Belarusian President, and he considers it an expression of friendship toward him. He wishes to continue strengthening and promoting multifaceted cooperation between the two countries through the friendly relations between the two leaders. Once again, he warmly and sincerely welcomes the Belarusian President and his delegation to Myanmar.

The Belarusian President stated that as the President of Myanmar mentioned, this is the fifth time they have met. In addition to the friendly relations between the two countries, there are also close personal ties between them. It is now time for the two leaders of the two countries to take a new step forward and further elevate the current bilateral relationship through joint efforts. He would also like to once again express his great pleasure and pride that Myanmar was able to successfully hold a multiparty democratic general election, and that the President of Myanmar was elected as President. They will continue to promote and further strengthen the friendly relations and cooperation between the two countries.

They exchanged views openly and cordially on conditions for further enhancing friendly relations and engagements between the two countries, measures to implement the Joint Action Plan for the period (2026–2028), conditions for continuing to boost economic cooperation and investments between the two countries, conditions for promoting cooperation in the industrial sector, agricultural sector, pharmaceutical manufacturing sector, humanitarian sector, and various other fields, and conditions for further enhancing friendly relations and cooperation between the two countries across multiple sectors.

Afterward, the President hosted a dinner for the President of the Republic of Belarus and delegation members at the Presidential Palace.

Following the dinner, the delegation led by the President of the Republic of Belarus departed from the Presidential Palace, and the President saw them off warmly.

Subsequently, the high-level delegation led by the President of the Republic of Belarus departed from Nay Pyi Taw Airport. Union Minister for Transport and for Digital Development and Communications U Mya Tun Oo, Deputy Minister for Foreign Affairs U Ko Ko Kyaw, the Ambassador of Myanmar to Belarus, the Ambassador of Belarus to Myanmar, and responsible officials saw them off at the airport. MNA



**President of the Republic of Belarus Mr. Aleksandr Lukashenko being seen off at the airport.**

# Delegation led by President of the Republic of Belarus H.E. Mr. Aleksandr Gregoryevich Lukashenko arrives in Myanmar on working visit



**President of the Republic of Belarus Mr. Aleksandr Gregoryevich Lukashenko being welcomed at the airport on his arrival in Myanmar on a working visit.**

**Nay Pyi Taw July 2**

At the invitation of President of the Republic of the Union of Myanmar U Min Aung Hlaing, a special aircraft carrying a high-level delegation led by President of the Republic of Belarus H.E. Mr. Aleksandr Gregoryevich Lukashenko arrived at Nay Pyi Taw Tatmadaw Airport this evening for a working visit to Myanmar.

The high-level delegation led by the Belarusian President was warmly welcomed at the airport by U Mya Tun Oo, Union Minister for Transport and for Digital Development and Communications, U Ko Ko Kyaw, Deputy Minister for Foreign Affairs, the Ambassador of Myanmar to the Republic of Belarus, the Ambassador of the Republic of Belarus to Myanmar, and other officials.

Additionally, the high-level delegation led by the President of Belarus was honoured by a guard of honour salute, and two Myanmar children presented them with bouquets of flowers in welcome. MNA

# Vice President Daw Nan Ni Ni Aye addresses Central Committee Meeting on Intellectual Property Rights



**Vice President Daw Nan Ni Ni Aye delivers speech at the Central Committee Meeting on Intellectual Property Rights.**

**Nay Pyi Taw July 2**

The Central Committee on Intellectual Property Rights held its first meeting (1/2026) for 2026 on the afternoon of July 2 at the Ministry of Commerce in Nay Pyi Taw. Vice President Daw Nan Ni Ni Aye, Chairperson of the Central Committee, attended the meeting and delivered the opening address.

The meeting was attended by Deputy Chairperson of the Central Committee and Union Minister for Commerce U Htun Ohn, deputy ministers, heads of departments, intellectual property experts, representatives of relevant associations, and other officials.

In her address, the Vice President said that, in accordance with the responsibilities set out under Chapter III, Section 5 of the Industrial Design Law, Trademark Law, Patent Law, and Copyright Law, the Central Committee had formulated the National Intellectual Property Strategy (2023–2028) to promote the systematic development of intellectual property activities in the country. She stressed that the successful establishment of a national intellectual property protection system requires close cooperation among relevant ministries and organizations in implementing the strategy together with the Intellectual Property Department under the Ministry of Commerce. She also noted that, as Myanmar is now able to receive, examine, and register both domestic and foreign intellectual property applications under the relevant laws, greater efforts are needed to prevent infringements and protect the rights of registered intellectual property holders.

The Vice President said it is also important to assess international intellectual property practices, examine the strengths and weaknesses of Myanmar's intellectual property system, and identify future priorities. With this objective, Myanmar successfully hosted its first International Intellectual Property Conference in July 2025 under the guidance of the State Administration Council. She said the discussions and outcomes of the conference should serve as a foundation for building a modern and effective intellectual property system that supports the country's economic ecosystem, and urged relevant ministries and organizations to continue implementing the recommendations and future initiatives identified at the conference.

She further emphasized the importance of expanding intellectual property awareness among businesspeople and MSME entrepreneurs to ensure a better understanding of and compliance with intellectual property laws. She also called for greater support for research and innovation to develop value-added products by combining the country's agricultural and livestock resources with modern technologies. The Vice President added that an effective patent system, which protects innovative technologies developed through research and facilitates technology transfer to businesses and other users, can create new sources of income and make a meaningful contribution to the country's socio-economic development.

Therefore, to enhance innovation and creativity, it is necessary to create an intellectual property ecosystem that connects universities, colleges, institutes, research departments, and MSME entrepreneurs in activities such as research collaboration, technology dissemination, and technology application. He also urged them to carry out awareness campaigns so that the public can become aware of the Technology and Innovation Support Centers (TISC), which are being jointly implemented by universities, research departments, and the Department of Intellectual Property, and utilize intellectual property information.

He noted that In implementing the action plans of the ASEAN regional intellectual property strategic plan under the ASEAN Economic Community, it can now be practiced and implemented on par with other ASEAN member states. Since national-level intellectual property registration systems are already being practiced, it is necessary to proceed with future action plans to join international treaties and conventions related to intellectual property ratified by the World Intellectual Property Organization in order to practice international-level intellectual property registration systems.

He stated that in implementing such an intellectual property protection system, it is necessary to promote famous local products and Myanmar products through intellectual property, and to continuously disseminate intellectual property knowledge to the public, creators, and entrepreneurs for the further development of the system. In doing so, he pointed out that operations need to be carried out extensively across regions and states, and officials from those regions and states must also cooperate. He concluded by urging them to work with full confidence because the current intellectual property system can benefit the entire nation and greatly support national development, and to actively participate from their respective roles in implementing the intellectual property protection system that contributes to achieving the state's objectives.

Then, the Vice Chairman of the Central Committee Union Minister explained the implementation status for the development of the intellectual property sector, the Committee Secretary Deputy Minister U Min Min clarified the completion status of the implementation on the decisions made at the Central Committee on Intellectual Property meeting (1/2025), and the Committee Joint Secretary and officials presented the memorandums submitted to the Central Committee meeting (1/2026).

Afterward, the attendees of the meeting suggested and discussed respective sectors regarding intellectual property matters, and the Chairman of the Central Committee, Vice President, coordinated as necessary, delivered the concluding remarks, and adjourned the meeting.

MNA

# Monywa District grows more than 60,000 acres of phaseolus bean this year

**Monywa July 2**

Local farmers have planted 60,900 acres of phaseolus bean on their croplands in Monywa District of Sagaing Region this year, according to the district Agriculture Department.

During the 2026-2027 monsoon cropping season, Monywa District has set township-wise cultivation targets for phaseolus beans as follows: 19,800 acres in Monywa Township, 4,000 acres in Budalin Township, 35,200 acres in Ayadaw Township, and 1,900 acres in ChaungU Township, for a total of 60,900 acres. Planting is scheduled to take place from June through September this year.

"We have targeted the cultivation of 60,900 acres of phaseolus beans in Monywa District during this year's monsoon cropping season. Efforts will be made to ensure that the targeted acreage is fully achieved. We are conducting extension and awareness activities to encourage expanded cultivation, and we are also educating farmers on the use of quality certified seed varieties to achieve better yields," said Dr Tin Mar Mar Oo, Head of the Department of Agriculture in Monywa District.

This year, the relevant township agriculture departments in Monywa District are providing support and awareness programs for pulse growers, focusing on access to quality seed varieties suited to local conditions, the adoption of proper cultivation practices, pest management, the systematic use of fertilizers, and measures to improve crop productivity.

During this year's monsoon cropping season, the agriculture authorities are working closely with farmers to ensure higher yields and better-quality pulse production by providing the necessary quality seed varieties, agricultural inputs, and postharvest technologies, among other forms of technical assistance. 206

# Families of Office of the Commander-in-Chief of Defence Services (Army, Navy and Air) hold second rainy season tree planting ceremony for 2026




**General Ye Win Oo delivers a speech at the second rainy season tree planting ceremony for 2026 by families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air).**

**Nay Pyi Taw July 2**

The second rainy season tree planting ceremony by families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) for 2026 was held near Yezin Dam, Zeyathiri Township, Nay Pyi Taw. Commander-in-Chief of Defence Services General Ye Win Oo attended and led the ceremony by planting of a valuable teak tree.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kuu Ku, Union Ministers and their wives, Chief of General Staff (Army, Navy and Air) General Ko Ko Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) Lt-Gen Tun Win and his wife, senior military officers from the Office of the Commander-in-Chief and their wives, trainee officers from the National Defence College, and officers, other ranks, and family members from various offices and departments under the Office of the Commander-in-Chief of Defence Services (Army, Navy and Air).

Commander-in-Chief of Defence Services General Ye Win Oo gave a speech. He said the world is facing major natural disasters including climate change, environmental deterioration, forest depletion, and loss of biodiversity every day. The simplest way to protect the world from those disasters is growing trees and protecting forests.

Forests and trees are removing carbon dioxide that is poisonous to life and are emitting oxygen, one of the most important components of life. In addition, they are also playing a major role in mitigating natural disasters, such as reducing soil erosion and preventing floods. Everyone should understand their role.

In Buddhism, tree planting is a noble deed that gains Nicca merit, that benefits a doer every day. So, tree growing is an extraordinary, noble, and priceless deed. As the thriving trees and forests are the heritage handed down from the past, benefit of the present time, and development for future, they are partaking in the vital part for continuous progress of the country, food sufficiency of the people, and socioeconomic development.

Myanmar is the country with the second largest forest areas among the ASEAN member states. But major towns in the midland including the 13 arid districts have less forested areas. Recently, the central part or the midland fell into the list of areas with world highest recorded temperatures, a consequence of lessening areas of forests and trees. Rising temperatures can cause droughts, arid areas, more forest fires, and finally, desertification. The State is carrying out a national task of growing trees to significantly increase the forest cover of the country with added momentum.

The Tatmadaw is actively participating in the nation-building, regional development and environmental conservation activities, apart from its national defence duties. Families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) had already held tree-growing ceremonies 45 time during the period from 2011 to the first ceremony for 2026, successfully planting various tree species including valuable teak, industrial crops, perennial crops, and wind breakers and shade trees, totalling 210,825. Today's ceremony will grow 900 teaks trees, 300 pyingadoe trees, 600 mahogany trees, 600 padauk trees, totalling 2400. Tree-planing ceremonies are being held to benefit the nation and the people and creating a green and lush environment.

Nurturing a tree for its growth is more important than planting it. Tree planting and forest conservation are perpetual meritorious deeds. So, a planted tree must not be neglected. In accord with the Slogan, "Plant a tree to live, nurture it to grow, conserve it for its longevity" to ensure that every single tree planted lives, and all the trees are thriving well.

Everyone is urged to plant and conserve trees and forests to reduce the impacts of natural disasters caused by climate change of the world and to hand down lush and green environments and a better climate for the future. Therefore, concerted efforts for protection must be exerted to make the entire county green and pleasant, to restore favorable weather conditions and to maintain the sustainability of trees and forests and forest ecosystems in accordance with verse, "Conserve forests, only when they are green, will the country be peaceful and pleasant."

In conclusion, the Commander-in-Chief of Defence Services urged all to plant trees by placing goodwill at the fore as doing so and conservation of forests deserve unique merits, according to the motto, "Plant trees to thrive, take care of them to grow and conserve them to support their sustainability," with the aim of planting a tree and letting it thrive systematically without doing it just for a show of responsibility and to actively participate in tree-planting ceremonies annually organized by the Tatmadaw by assuming it as a national responsibility.

Then, the Commander-in-Chief and his wife led the ceremony by planting a treasured teak seedling and participants did so at designated places.

Afterward, the Commander-in-Chief of Defence Services, his wife and party observed the tree-planting activities of officers, other ranks and their families.

Similarly, the second tree-planting ceremonies for monsoon were organized in areas under the control of respective regional military commands and treasured trees, industrial crops, perennial fruit trees and windbreaker and shady trees were planted today. Regional command commanders and responsible officers, officers, other ranks and families collectively planted 178,877 trees for the Tatmadaw as a whole, including 5,710 trees in Nay Pyi Taw command, 8,390 trees in Northern Command, 2,420 trees in Northeastern Command, 8,002 trees in Eastern Command, 13,645 trees in Eastern Central Command, 11,171 trees in Triangle Region Command, 8,475 trees in Southeastern Command, 7,692 trees in Coastal Region Command, 41,119 trees in Yangon Command, 5,066 trees in Southwestern Command, 940 trees in Western Command, 7,380 trees in Northwestern Command, 45,827 trees in Central Command and 10,640 trees in Southern Command.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲတီစိမ်းဧက ၁၆၆၀၉ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်းဧက ၁၆၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းမနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ် ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဘက်ကနေ မနောသုခဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့် မြို့နယ်ကနေ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး



တင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိနေပါတယ်။ လတ်တလောအနေနဲ့ မနောသုခဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နတ်မောက်မြို့နယ် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်မောက် ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စည်သာကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စည်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၅ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပွင့်ဖြူမြို့နယ် ရွာသာကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



ပွင့်ဖြူ ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရွာသာကြီးကျေးရွာ၌ စနစ်ကျသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရွာသာကြီးကျေးရွာ၌ လမ်းအရှည် ၅ ဒသမ ၁၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်နှစ်ပေ ကိုးလက်မ ရှိစာခင်းခြင်း ၊ တစ်ပေ Pipe Culvert ရေပြွန်ခြောက်စင်း တည်ဆောက်ခြင်း၊ နှစ်ပေ ရေပြွန် တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေကျပ် ၁၇၉ ဒသမ ၉၈၂ သန်းဖြင့် Shwe Group ကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လမ်းအုကြောင်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာနေပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို ရာသီမရွေး အဆင်ပြေချောမွေ့စွာ စိုက်ပျိုး လုပ်ကိုင်နိုင်မည့်အပြင် ဒေသထွက်ကုန် သီးနှံများကိုလည်း ဈေးကွက်သို့အချိန်မီ တင်ပို့ ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)


ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် – ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း အစရှိသည့်ကြီးမားသော သဘာဝ ဘေးအန္တရာယ်ပင်ဖြစ်ကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းသည် သစ်ပင်များစိုက်ပျိုးရန်နှင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများကို အဆိပ်အတောက်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ဖယ်ရှားသန့်စင်ပေးပြီး သက်ရှိသတ္တဝါများအသက်ရှင်ရပ်တည်နေနိုင်ရန်အတွက် များစွာအရေးပါသည့် အောက်ဆီဂျင်ကိုလည်း ထုတ်လွှတ်ပေးနေသည့်အပြင် ရာသီဥတုမျှတစေရန်၊ မြေဆီလွှာပျက်စီးမှုလျော့ပါးစေရန်၊ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန်စသည့် သဘာဝဘေးအန္တရာယ်များလျော့ပါးစေရေးအတွက်လည်း ကြီးမားသည့်အခန်းကဏ္ဍကပါဝင်လျက်ရှိသည်ကို အားလုံးသိရှိထားရန်လိုကြောင်း။

မိမိတို့ဗုဒ္ဓဘာသာအရ သစ်ပင်စိုက်ပျိုးခြင်းသည် မွန်မြတ်သည့်ကုသိုလ်တစ်ပါးဖြစ်ပြီး ထာဝရကုသိုလ် သို့မဟုတ် နိစ္စကုသိုလ် (နေ့စဉ်အကျိုးပေးတဲ့ကုသိုလ်)ဟု ခေါ်ဆိုနိုင်ခြင်းဖြစ်သည့်အတွက် ထူးကဲမွန်မြတ်ပြီး တန်ဖိုးဖြတ်မရသည့် ကုသိုလ်ပြုခြင်းတစ်မျိုးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ လူသားတို့နေထိုင်ရာ ကမ္ဘာမြေပေါ်တွင် သစ်ပင်၊ သစ်တောများ ရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်ကာလ၏ အကျိုးစီးပွား၊ အနာဂတ်ကာလ၏ ဖွံ့ဖြိုးမှု"ဟုဆိုထားသည့်အတိုင်း နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာ ဖူလုံစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးနိုင်ငံဖြစ်သော်လည်း အပူပိုင်း ၁၃ ခရိုင်အပါအဝင် မြေလတ်ဒေသမြို့ကြီးများတွင် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းယခုအခါ နည်းပါးသည်ကို တွေ့နေရကြောင်း၊ မကြာသေးမီနှစ်များကစတင်ပြီး အလယ်





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**"သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်များ စဉ်ဆက်မပြတ်တည်တံ့စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ် . . .**



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

ပိုင်းမြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်ဆုံးစာရင်းဝင်သည်ထိ အပူချိန်တိုးလာခဲ့ကြောင်း၊ ၎င်းသည် သစ်ပင်သစ်တောနည်းပါးခြင်း၏အကျိုးဆက်ပင်ဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းလာသည်နှင့်အမျှ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့်တောမီးလောင်ကျွမ်းခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် များတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့်

နိုင်ငံတော်အနေဖြင့် သစ်တောဖုံးလွှမ်းမှုသိသာထင်ရှားစွာတိုးလာစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း

၂၀၁၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပွဲထိ စုစုပေါင်း ၄၅ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်၊စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင်စသည့် အပင်မျိုးစုံ ၂၁၀၈၂၅ ပင်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းအပင် ၉၀၀၊ ပျဉ်းကတိုးအပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပနေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိမ်းလန်းသည့်ပတ်ဝန်းကျင်ကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းထက် စိုက်ပျိုးပြီးနောက် ရှင်သန်ကြီးထွားလာစေရန်ပြုစုစောင့်ရှောက်ခြင်းကလည်း ပိုပြီးအရေးကြီးကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်၍ သစ်ပင်စိုက်ပျိုးရာတွင် တာဝန်ကျေစိုက်ပြီး ပစ်ထားသည့် စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ **"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်ပင်စိုက်တစ်ပင်ရှင်၊စိုက်သမျှအပင် ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ချပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိကမ္ဘာကြီး၏ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ လူသားအားလုံး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားနေရမှုလျော့ပါးသက်သာစေရေး၊ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့်ကောင်းမွန်သောရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေးတို့အတွက် သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်းကို မှာကြားလိုကြောင်း၊ ထို့ကြောင့် **"သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်များ စဉ်ဆက်မပြတ် တည်တံ့စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းသည် ကုသိုလ်ထူးကိုရရှိစေသည်ဖြစ်၍ စေတနာရှေ့ထားလုပ်ဆောင်သွားကြရန်၊ **"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်အောင် ရည်မှန်းချက်ထားစိုက်ပျိုးသွားကြရန်၊ သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ဝတ်ကျေတမ်းကျေစိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန်ဖြစ်ထွန်းစေရန် စနစ်တကျစီမံစိုက်ပျိုးသွားကြရန်၊ မိမိတို့တပ်မတော်အနေဖြင့် နှစ်စဉ်ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး တက်တက်ကြွကြွပါဝင်လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပွဲထိ စုစုပေါင်း ၄၅ ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်၊စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင် စသည့် အပင်မျိုးစုံ ၂၁၀၈၂၅ ပင်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ . . .**

ဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ **စာမျက်နှာ ၁၈ သို့**



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

စက်မှုကုန်ကြမ်း သီးနှံပင်၊နှစ်ရှည်စားသုံးသီးနှံပင်၊အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၅၇၁၀၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၈၃၉၀၊အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၂၄၂၀၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၀၀၂ ပင်၊အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၆၄၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၇၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၈၄၇၅ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၇၆၉၂ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၄၁၁၁၉ ပင်၊အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၅၀၆၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၉၄၀၊အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၃၈၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၅၈၂၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၆၄၀ တို့ကို တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး **တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၈၈၇၇ ပင်ကို** စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီလွှာဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

❖ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ်ခင်မင်ရင်းနှီးမှုကိုဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့် တန်ဖိုးထား၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်၌ အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိ၊ မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားလို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

❍ လက်ရှိနှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ပူးပေါင်း၍ ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကို စတင်ရမည့်အချိန်အခါဖြစ်၊ အဆွေတော်တို့မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အဆွေတော်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူသည်ကို ထပ်မံပြောကြားလို၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှစ်ဦးသည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက အဆွေတော်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မိမိတို့မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ရှည်လျားသည့် ခရီးစဉ်လမ်းကြောင်းအဖြစ် ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံသို့လာရောက်ခြင်းသည် မိမိတို့နိုင်ငံအပေါ်အထူးခင်မင်မှုအနေဖြင့် အလုပ်သဘော ချစ်ကြည်ရေးခရီးအဖြစ် အလေးထားလာရောက်မှုအပေါ်တွင် မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ငါးကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ် ခင်မင်ရင်းနှီးမှုကိုဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့်တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်၌ အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်နှင့်အဖွဲ့ဝင်များကို မိမိတို့မြန်မာနိုင်ငံမှ ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ကြိုဆိုပါကြောင်းဖြင့် ခရီးဦးကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် မိမိတို့ တွေ့ဆုံခဲ့မှုမှာ အဆွေတော်ပြောကြားခဲ့သကဲ့သို့ ငါးကြိမ်ရှိပြီဖြစ်ပြီး နှစ်နိုင်ငံအချင်းချင်း ရင်းနှီးသည့်ဆက်ဆံမှုများရှိသကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများရှိပါကြောင်း၊ လက်ရှိနှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးပူးပေါင်း၍ ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကိုစတင်ရမည့် အချိန်အခါဖြစ်ပါကြောင်း၊ အဆွေတော်တို့ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အဆွေတော်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့်များစွာ ဝမ်းမြောက်ဂုဏ်ယူသည်ကို ထပ်မံပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ၂၀၂၆-၂၀၂၈ ခုနှစ်ကာလအတွက် ပူးတွဲဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (Joint Action Plan)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုကဏ္ဍနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတအိမ်တော်၌ ညစာစားပွဲဖြင့် ရင်းနှီးနွေးထွေးစွာ တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတအိမ်တော်မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိ

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီး လာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ မြန်မာကလေးငယ်နှစ်ဦးက ပန်းစည်းကမ်း၍လည်းကောင်း ဂုဏ်ပြုကြိုဆိုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဗဟိုကော်မတီအနေဖြင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့၏ အခန်း (၃) ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များအရ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ ၂၀၂၃-၂၀၂၈ ကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၌ မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ် တည်ထောင်ရာတွင် မဟာဗျူဟာများပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေများအရ ပြည်တွင်း၊ပြည်ပမှ မူပိုင်ခွင့် လျှောက်ထားချက်များကို လက်ခံခြင်း၊ စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် မူပိုင်ခွင့်အကာအကွယ်ရရှိပြီးသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်းကိုလည်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မူပိုင်ခွင့်ကဏ္ဍနှင့် စပ်လျဉ်းပြီး နိုင်ငံတကာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံမူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန် လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ညီလာခံကရရှိခဲ့သည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့်လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်ခိုင်မာသည့် မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားအဖြစ် အသုံးချကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံကဖော်ထုတ်ရရှိခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ထို့ပြင် မူပိုင်ခွင့်စနစ်ကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ဒေသထွက်ကုန်များ၊ သယံဇာတအရင်းအမြစ်များကို ဆန်းသစ်သည့် နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး တီထွင်ဆန်းသစ်မှုများကို ဖော်ထုတ်ပေးနိုင်သည့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများမှ ပေါ်ထွက်လာသည့် အဆင့်မြင့်နည်းပညာအသစ်များကို မူပိုင်ခွင့်အကာအကွယ်ရယူပြီး စီးပွားရေးလုပ်ကိုင်သူများနှင့် လိုအပ်သူများဆီကို နည်းပညာလွှဲပြောင်းပေးခြင်းဖြင့် ဝင်ငွေရစေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်သည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များကြား သုတေသနဆောင်ရွက်မှု၊ နည်းပညာဖြန့်ဖြူးမှု၊ နည်းပညာအသုံးချမှုစသည့်လုပ်ငန်းများကို ချိတ်ဆက်ပေးမည့် မူပိုင်ခွင့်ဂေဟစနစ် တစ်ရပ်ကိုလည်း ဖန်တီးရန်လိုအပ်မည် ဖြစ်ကြောင်း၊ တက္ကသိုလ်၊ သုတေသနဌာနများနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုအထောက်အကူပြုစင်တာ (Technology and Innovation Support Center–TISC)များကို ပြည်သူများသိရှိကြစေရန်နှင့် မူပိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်စေရေး အသိပညာပေးကြရန် မှာကြားလိုကြောင်း။

အာဆီယံစီးပွားရေး အသိုက်အဝန်းတွင်ပါသည့် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သောကြောင့် နိုင်ငံတကာအဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးနိုင်ရေးအတွက် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးက အတည်ပြုပြဋ္ဌာန်းထားသော မူပိုင်ခွင့်နှင့် ဆက်နွှယ်နေသည့် နိုင်ငံတကာသဘောတူစာချုပ်များနှင့် ကွန်ဗင်းရှင်းများသို့ ဝင်ရောက်နိုင်ရေးကိုလည်း ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်ရာတွင် အောင်မြင်ကျော်ကြားသည့် ဒေသထွက်ကုန်များ၊ မြန်မာ့ထုတ်ကုန်များကို မူပိုင်ခွင့်ဖြင့် မြှင့်တင်ဆောင်ရွက်ကြရန်နှင့် မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများ၊ တီထွင်ဖန်တီးသူများနှင့်စီးပွားရေးလုပ်ငန်းရှင်များကို မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ဖြန့်ဝေပေးရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကိုအကျိုးပြုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့် စနစ်တစ်ရပ်ဖြစ်သည့်အတွက် ယုံကြည်မှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ်ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ(၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဗဟိုကော်မတီ(၁/၂၀၂၆)ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပြည်ထောင်စုအားကစားကွင်း အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန် ၂၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

# အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး



နေပြည်တော် ဇူလိုင် ၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၂ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development-JCC) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင် ၁၆ ဦး၊ ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်း၊ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်း၊ တွဲဖက်အတွင်းရေးမှူး(၁) အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်နှင့် အဖွဲ့ဝင်များ၏အမည်စာရင်းများကို တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက မြန်မာ-ဘယ်လာရုစ် နှစ်ထပ်အခွန်ကင်းလွတ်ခွင့်(DTA) စာချုပ် ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးကျေးဇူးများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းအသစ်များပေါ်ထွန်းလာခြင်း၊ ခေတ်မီနည်းပညာနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မျှတသောအခွန်နှုန်းထားနှင့် ကုန်ကျစရိတ်သက်သာစေခြင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိစေခြင်းတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးမြှုပ်နှံမှုပိုမိုရောက်ရှိလာမည်ဖြစ်သည့်အတွက် အခွင့်အလမ်းများပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာ-ဘယ်လာရုစ် (DTA) စာချုပ်သည် အခွန်ကောက်ခံရုံ သက်သက်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာကူးပြောင်းရယူမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှုအတွက် မရှိမဖြစ်လိုအပ်သော တရားဝင်စီးပွားရေး တံတားတစ်စင်း ချိတ်ဆက်လိုက်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်စီးပွားရေး အကျိုးစီးပွားကိုရှေးရှုလျက် ဘယ်လာရုစ်နိုင်ငံသို့ မြန်မာနိုင်ငံ၏အသိပေးအကြောင်းကြားစာပေးပို့နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက မိမိတို့နိုင်ငံအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် မဟာဗျူဟာမိတ်ဖက်အဖြစ် ချစ်ကြည်ရင်းနှီးစွာဆက်ဆံခြင်းဖြင့် သိပ္ပံနှင့် နည်းပညာကဏ္ဍများ၊ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုများ၊ စက်မှုပစ္စည်းနည်းပညာအကူအညီများ၊ နိုင်ငံရေးနှင့် သံတမန်ရေးရာ အကျိုးဆက်ကောင်းများ တိုးတက်ရရှိနိုင်မည့်အပြင် နိုင်ငံသားများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စာချုပ်ချုပ်ဆိုခြင်းဖြင့် ဝင်ငွေတစ်ခုအတွက် အခွန်နှစ်ထပ်ကျသင့်ခြင်းကို ရှောင်ရှားနိုင်ခြင်း၊ အခွန်လိမ်လည်မှုနှင့် အခွန်ရှောင်မှုများကို ထိရောက်စွာ ကာကွယ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ရန် အကူအညီဖြစ်စေပြီး အခွန်စီမံခန့်ခွဲမှုကောင်းမွန်စေခြင်း၊ ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်ဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် ဥပဒေရေးရာ အခြေခံအုတ်မြစ်ဖြစ်လာနိုင်ပြီး သတ်မှတ်ဝင်ငွေအမျိုးအစားများအတွက် အခွန်သက်သာခွင့် စသည့် သီးခြားဝင်ငွေအမျိုးအစားများအတွက်လည်း သက်သာသည့် အခွန်နှုန်းများ ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယခုစာချုပ်သည် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈ (က၊ခ)၊ ပုဒ်မ ၂၀၉ (က)၊ ပုဒ်မ(၂၉၅)(က-၁)နှင့် ပုဒ်မ(၄၅၆)တို့အရ ညီညွတ်ကိုက်ညီမှုရှိပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသော စာချုပ်တစ်ရပ်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်က သဘောတူစာချုပ်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံနှစ်ခုလုံးအပေါ် အခွန်ကောက်ခံပိုင်ခွင့်များကို ခွဲဝေပေးပြီး အဆိုပါနိုင်ငံနှစ်ခုအတွက် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးသည်ကို တွေ့ရှိရပါကြောင်း၊ စာချုပ်၏ အဓိကပြဋ္ဌာန်းချက်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံတစ်ခုသို့မဟုတ် နှစ်ခုလုံးတွင် နေထိုင်သည့် အခွန်ထမ်းများကို အကျိုးကျေးဇူးရရှိရန် ရည်ရွယ်ချုပ်ဆိုလေ့ရှိသောကြောင့် မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးစနိုင်ငံများအတွက် ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပေါ်ထွန်းလာစေမည်ကို သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရန်အတွက် လွှတ်တော်က သဘောတူလက်ခံပေးရမည်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ဖြစ်သကဲ့သို့ ပါဝင်ထောက်ခံပေးရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဇဗုဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘယ်လာရုစ်နိုင်ငံသည် စက်မှုလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်းနှင့် နည်းပညာပိုင်းတွင် အဆင့်မြင့်မားသောနိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ အခွန်နှစ်ထပ်ကျမှုရှောင်ရှားရေးစာချုပ်ကို အတည်ပြုပြီး မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို အမြန်ဆုံးပေးပို့ခြင်းအားဖြင့် နှစ်နိုင်ငံသံတမန်ရေးရာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နောင်တွင် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များက မိမိတို့နိုင်ငံရှိ ငါးကန်၊ ပုစွန်ကန်များကိုအခြေပြု၍ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာပါက ငင်းကန်များကို စာချုပ်ပါ Article 5 အရ အမြဲတမ်းလုပ်ငန်းတည်ရာဌာန (Permanent Establishment) အဖြစ် တိကျစွာသတ်မှတ်ပြီး Article 6 နှင့် Article 7 ပြဋ္ဌာန်းချက်များကိုပေါင်းစပ်ကာ မိမိတို့မြန်မာနိုင်ငံဘက်က အခွန်အပြည့်အဝ စည်းကြပ်ကောက်ခံပိုင်ခွင့်ရှိကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဥပဒေကြောင်းအရ ကြိုတင်သတိပြုပြင်ဆင်ထားရန် ဖြည့်စွက်တိုက်တွန်းလိုပါကြောင်း။

စာချုပ်ပါ Article 32 ခုစလုံးသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့်အတွက် ဤသဘောတူစာချုပ်ကို အတည်ပြုရန်နှင့် စာချုပ်အသက်ဝင်မည့် အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်နိုင်ငံသို့ အမြန်ဆုံးပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် နှစ်နိုင်ငံအကြားရှိ သံတမန်ဆက်ဆံရေးကောင်းမွန်မှု၊ စီးပွားရေးဆက်ဆံမှု၊ ကုန်သွယ်မှုပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာငွေများအပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်စေနိုင်မည့် နိုင်ငံများကို ရွေးချယ်၍လည်းကောင်း စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကို နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ် ချုပ်ဆိုထားခြင်းဖြင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေး

စာမျက်နှာ ၂၂ သို့







**စာမျက်နှာ ၂၁ မှအဆက်**

လုပ်ငန်းများတွင် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် နိုင်ငံနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေနိုင်ခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှုမြင့်မားလာစေနိုင်ခြင်း၊ နိုင်ငံနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးတို့အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို အကျိုးသက်ရောက်စေရေး ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ရန်နှင့် မြန်မာနိုင်ငံဘက်က အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံဘက်သို့ ပေးပို့နိုင်ရန်တို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပြီး သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ(HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တစ်လ ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် တစ်လ ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီး တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက LNG အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကို တစ်လခွင့်ပြုခြင်းသည် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ LNG အသုံးပြုမှုမြှင့်တင်ခြင်းသည် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လောင်စာရင်းမြစ်များ ခွဲဝေအသုံးပြုနိုင်ရေး(Energy Diversi-fication) နှင့် စွမ်းအင်လုံခြုံရေး (Energy Security)ကို တိုးတက်စေမည်ဖြစ်ပါ ကြောင်း။

Premium Diesel သည် သန့်ရှင်းသော လောင်စာဖြစ်ပြီး စွမ်းအင်ထိရောက်မှု၊ အင်ဂျင်သက်တမ်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပိုမိုကောင်းမွန်ပါသဖြင့် Premium Diesel ကိုပါ ခွင့်ပြုပေးမည်ဆိုပါက ပိုမိုသန့်ရှင်းသည့် စွမ်းအင်ကို အားပေးခြင်းဖြစ်သဖြင့် စက်ကိရိယာနှင့် ပတ်ဝန်းကျင်သက်ရောက်မှုအပေါ် များစွာသက်သာစေပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ သက်သာချောင်ချိရေး၊ စွမ်းအင်လုံခြုံရေး၊ ရေရှည်အခွန်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားခ ဈေးနှုန်း မြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းမြင့်တက်နေမှုသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက် ရိုက်ခတ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းညှိဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများကို လစဉ်စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လ ထပ်မံ၍ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၃၁ မဲ၊ ကြားနေမဲ လေးမဲဖြစ်၍ ထောက်ခံမဲများသဖြင့် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆုက ထိုတူညီဆန္ဒ ငါးချက် ထုတ်ပြန်မည်ကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်အသိပေးညှိနှိုင်းခဲ့ခြင်းမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်၏ နောက်ဆက်တွဲအဖြစ်သာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်အနေဖြင့် ချမှတ်ခဲ့ခြင်းမဟုတ်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာနိုင်ငံအတွက် ဥပဒေအရစည်းနှောင်မှုမရှိပါကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချို့က မိမိတို့ဆန္ဒအလျောက် မြန်မာနိုင်ငံကို ခွဲခြားဆက်ဆံပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါကြောင်း။

အာဆီယံအနေဖြင့်လည်း မြန်မာပြည်သူများအပေါ် စေတနာသဘောထားမှန်ကန်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အမှန်တကယ် အပြုသဘောဆောင်သော အပြောင်းအလဲနှင့် တိုးတက်မှုများကို အလိုရှိပါက မြန်မာပြည်သူလူထုအတွက် တကယ်တမ်းသက်ရောက်မှုရှိပြီး လက်တွေ့ကျသော ချဉ်းကပ်မှုများ (Practical and Realistic Approaches)ကိုသာ အဓိကထား ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။

ပြည်သူ့ဆန္ဒအရ ရွေးကောက်ထားသော ရွေးကောက်ခံအစိုးရကို အသိအမှတ်မပြုခြင်းသည် ရွေးကောက်ပွဲကို မလေးစားခြင်းနှင့် ထိုရွေးကောက်ပွဲတွင် တက်ကြွစွာ ပါဝင်မဲပေးခဲ့သော ပြည်သူ၊ ပြည်သားများကို အလေးမထားခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်နေသော အရေးယူမှုများဖြင့်သာမက ရှေ့ဆက်လက် ထိရောက်သည့် လက်တွေ့ကျသော အစီအမံများဖြင့် တုံ့ပြန်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင်က အာဆီယံထုတ်ပြန်ချက် ငါးရပ်အပေါ် လေ့လာကြည့်ပါက ပထမအချက်တွင် "မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်နှင့် သက်ဆိုင်သူများ အားလုံးအနေဖြင့် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ရန်" ဟု ဖော်ပြထားပါကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နေသော အဖွဲ့များအပေါ်တွင်သာ တန်ပြန် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အေးချမ်းစွာနေထိုင်သော ပြည်သူများ၊ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော EAOs အဖွဲ့များနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒုတိယအချက်ဖြစ်သည့် "ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသော အဖြေရရှိရန် သက်ဆိုင်သူများအားလုံးအကြား အပြုသဘောဆောင်ဆွေးနွေးပြုလုပ်ရန်" အချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း NCA လက်မှတ်ရေးထိုးပြီးနှင့် မပြီးသေးသော EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းများ တွေ့ဆုံဆွေးနွေးမှု ၁၆၃ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ခံအစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရက် ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ ငါးနှစ်အတွင်း တည်ငြိမ်အေးချမ်းအောင် ရည်မှန်းချက်ထားဆောင်ရွက်ခြင်းများ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယအချက်ဖြစ်သည့် "အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်များ၌ ကြားဝင်ဖျန်ဖြေဆောင်ရွက်ပေးရန်"နှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း လာရောက်စဉ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံဆွေးနွေးနိုင်ရေး **စာမျက်နှာ ၂၃ သို့**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာ မရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အေးစေတီကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိသံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

**စာမျက်နှာ ၂၂ မှအဆက်**

လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စတုတ္ထအချက်ဖြစ်သည့် “AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်”နှင့်ပတ်သက်၍ ASEAN Task Force ကိုဖွဲ့စည်းပြီး လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဉ္စမအချက်ဖြစ်သည့် “အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့များသည် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့သွားရောက်ရန်” နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်လေးဦး မြန်မာနိုင်ငံသို့ ရှစ်ကြိမ်လာရောက်ခဲ့ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါကြောင်း။

အာဆီယံ ထုတ်ပြန်ချက် ငါးရပ်နှင့်ပတ်သက်ပြီး အထက်ဖော်ပြပါအချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အာဆီယံအပေါ် မိတ်ဝတ်မပျက်ဆက်ဆံပြီး အလေးထားပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် ရွေးကောက်ခံ ပြည်ထောင်စုအစိုးရနှင့် တပ်မတော်တို့အနေဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသောကြောင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် သီးခြားအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မဟုတ်ဘဲ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူလူထုတို့၏ ထောက်ခံအားပေးမှုစွမ်းအားဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အခြေခံမူနှင့် ကွဲလွဲလျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို လေးစားစေလိုသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့်လည်းကောင်း အာဆီယံထုတ်ပြန်ချက် ငါးရပ်အား သုံးသပ်ဆောင်ရွက်နိုင်ရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို တိကျစွာလေးစားလိုက်နာလျက်ရှိပြီး အာဆီယံရေးရာကိစ္စများကိုလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်ကို မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကိုလည်း ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံစလုံး ပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုသာ လက်ခံမည်ဖြစ်ပါကြောင်း၊ အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်နှင့် အခြေခံမူကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တောင်းဆိုလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွား၊ ဒေသအတွင်း အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ ရှေးရှုပြီး အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ASEAN Charter ၏ အခြေခံမူများနှင့် ပြဋ္ဌာန်းချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး မတိမ်းမစောင်းဘဲ လိုက်နာဆောင်ရွက်ရန်၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ဘဲ၊ နိုင်ငံတစ်နိုင်ငံချင်း၏ အချုပ်အခြာအာဏာကို လေးစားရန် (Non – Interference)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အဆင့်အတန်းတူစွာ ကိုယ်စားပြုရေးဆိုသည့် ASEAN Charter အပိုဒ်(၅) ပြဋ္ဌာန်းချက်ကို လေးစားလိုက်နာရန်၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်မပြုရန်နှင့် AIPA အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင်နိုင်ငံများရှိ ပါလီမန်အမတ်များအား မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာရန်နှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အကြံပြုတိုက်တွန်းလိုပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက ရွေးကောက်ခံနိုင်ငံတော်အစိုးရနှင့် နိုင်ငံ၏ လွှတ်တော်တို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မီးမောင်းထိုးပြနေပါကြောင်း၊ မြေပြင်ပကတိအရှိတရားကို မျက်ကွယ်ပြုပြီး အာဆီယံထုတ်ပြန်ချက် ငါးရပ်ပေါ်ပေါက်လာခြင်းက ဖြစ်သင့်သောကိစ္စမဟုတ်ပါကြောင်း၊ သို့ပါ၍ နိုင်ငံအချင်းချင်း တန်းတူညီမျှစွာ ပို၍ချစ်ကြည်ရင်းနှီးရန်နှင့် အကြမ်းဖက်မှုမှန်သမျှ ရပ်တန့်သွားစေရန် မူလအာဆီယံ၏ ရည်ရွယ်ချက်အတိုင်း နိုင်ငံအချင်းချင်း ပူးပေါင်းလုပ်ဆောင်ရေးကို အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံအချင်းချင်း အပြုသဘောဆွေးနွေးမှု၊ ညှိနှိုင်းမှုတို့ လိုအပ်ပါကြောင်း၊ မလိုမုန်းထားစိတ်ဖြင့် အာဆီယံဒေသတွင်းသာမက ကမ္ဘာ့အကျိုးကိုပါ မျက်ကွယ်ပြုနေခြင်းသည် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေတတ်ပါကြောင်း။

အဆိုပါ အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးမှု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကျိုးလိုလားမှု၊ ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ အာဆီယံအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှု၊ အာဆီယံပြည်သူအချင်းချင်း ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာကို လေးစားတတ်မှု၊ တန်ဖိုးထားမှု စသည့်ဖြစ်တည်မှုအခြေအနေများနှင့် အာဆီယံ၏ စွမ်းရည်များကို အမှန်တကယ် ကျဆင်းစေမည်သာဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း၏ အမျိုးသားစရိုက်လက္ခဏာများကိုပါ ပျက်စီးစေသည့်အတွက် အာဆီယံဆိုင်ရာအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းနှင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်လျောက် အာဆီယံချမှတ်ထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများကိုလိုက်နာပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက်ချမှတ်ထားသော ရည်ရွယ်ချက်နှင့် အခြေခံမူများကို တိကျစွာလိုက်နာကျင့်သုံးပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ဆက်ဆံကြရန်လိုအပ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှုမပါရှိသော အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ကြေညာခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးပြီး နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ် လုပ်ကိုင်လိုသည့် ထုတ်ပြန်ကြေညာချက်မျိုး ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကို မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် လေးစားသော်လည်း အချို့နိုင်ငံများ၏ အကြီးအကဲပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုများကိုအခြေခံပြီး လေးစားမှုမရှိကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းသည့် အစိုးရသစ်တစ်ရပ် တရားဝင်ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးကို အလေးထားပြီး အာဆီယံထုတ်ပြန်ချက် ငါးရပ်အပေါ် ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နှင်းက အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း(၇)ပါ ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူနှင့် အာဆီယံပဋိညာဉ်စာတမ်း နှစ်ခုလုံးတွင်ပါရှိသည့် အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူများကို ဖောက်ဖျက်နေပါကြောင်း၊ မြန်မာအစိုးရခေါင်းဆောင်များကို အာဆီယံထိပ်သီးအစည်းအဝေးများမှ ဖယ်ကြဉ်ရန် သဘောတူညီချက်၊ ကန့်သတ်ချက်များထားရှိခြင်း၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းတို့သည် အာဆီယံပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ကာ ပြည်တွင်းရေးကို စွက်ဖက်ခြင်းပင်ဖြစ်ပါကြောင်း၊ “သဘောတူညီမှုဖြင့် ဆုံးဖြတ်ခြင်း” ဆိုသည့်မူကို အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်း သဘောထားကွဲလွဲမှုကို ပိုမိုပေါ်လွင်စေပါကြောင်း၊ အာဆီယံ၏အခန်းကဏ္ဍသည် ဖျန်ဖြေရေးသာဖြစ်ပြီး မြန်မာ့ပြည်တွင်းရေးတွင် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခွင့် မရှိပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုကိုပါ စိန်ခေါ်နေသည့်အခြေအနေကို ဖန်တီးနေပါကြောင်း။

ထို့ကြောင့် အာဆီယံ၏ ဒေသတွင်း ဗဟိုချက်ကျမှု(centrality)ကို အားနည်းစေပြီး အခြားသော အင်အားကြီးနိုင်ငံများအတွက် ဩဇာလွှမ်းမိုးနိုင်သည့်နေရာတစ်ခု ဖန်တီးပေးလိုက်သည်ဟု သုံးသပ်၍ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်ခဲ့သော်လည်း အာဆီယံဘက်မှ ခွဲခြားဆက်ဆံမှုများကြောင့် အပြုသဘောမဆောင်ကြောင်းကို ထောက်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် အလွန်အရေးကြီးပါကြောင်း၊ လူတစ်ဦး၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ အခြားသူ၏အမိန့်ကိုမနာခံဘဲ မိမိ၏အနာဂတ်ကို မိမိရွေးချယ်နိုင်သည့် ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို ကိုယ်စားပြုပြီး အချုပ်အခြာအာဏာသည် အားနည်းချိန်တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပျောက်ဆုံးလေ့ရှိပြီး ပြန်လည်ရရှိရန် အသက်၊ သွေး၊ ချွေး၊ မျက်ရည်၊ ဘဝနှင့် မျိုးဆက်ပေါင်းများစွာရင်းပြီး ကြိုးပမ်းကြရပါကြောင်း၊ အချုပ်အခြာအာဏာသည် တန်ဖိုးဖြတ်၍မရ၊ အလဲအလှယ်လုပ် မရနိုင်သော အရာတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံကို မိသားစုဟု ထင်မြင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကောင်းကွက်များကို မမြင်ဘဲ အပြုသဘောဆောင်ခြင်းများကို မျက်ကွယ်ပြုနေပါကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာ အချုပ်အခြာအာဏာနှင့် ကံကြမ္မာကို ထိပါးစေသည့် ထုတ်ပြန်ချက်ကို ထိရောက်ပြတ်သားစွာ အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီကို တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-1)ရှိ ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါတွေ့ဆုံပွဲသို့ သီးခြားဖိတ်ကြားထားသည့် အလုပ်သမားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းတို့ကလည်း ယခင်လုပ်ငန်းအတွေ့အကြုံများအရ လုပ်ဆောင်သင့်သည့်လုပ်ငန်းများ၊ ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ၏ လုပ်ပိုင်ခွင့်၊ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာကိစ္စရပ်များ၊ ကော်မတီတွင်ပါဝင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာဆည်းပူးသွားကြရန်နှင့် အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ပြည်သူ့လွှတ်တော်တွင် လွှတ်တော်လုပ်ငန်းစဉ်များကို အထောက်အကူပြုရန် အမြဲတမ်းကော်မတီ လေးခုအပါအဝင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ယင်းကော်မတီများအနက် ယနေ့တွေ့ဆုံသော ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီသည် အရေးပါသည့် ကော်မတီတစ်ခုဖြစ်ပါကြောင်း၊ မည်သည့်ကော်မတီမဆို လွှတ်တော်ကို အထောက်အကူပြုသည့် ဒေါက်တိုင်များဖြစ်ပြီး လွှတ်တော်ငယ်များဟုလည်း ခေါ်ဆိုနိုင်ကြပါကြောင်း၊ အလုပ်သမားကိစ္စကို စဉ်းစားရာတွင် ပြည်တွင်းရှိ ကာယဉာဏ အလုပ်သမားများ၊ ပြည်ပသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားအလုပ်သမားများနှင့် ပြည်ပရှိ အလုပ်သမားများမှ မိခင်နိုင်ငံသို့ လုပ်ခလစာများ ပြန်လည်လွှဲပြောင်းပေးပို့သည့် (Remittances)များဟူ၍ အဓိက အပိုင်းသုံးပိုင်းကို အလေးထားစဉ်းစားရန် ဖြစ်ကြောင်း။

ပြည်တွင်း အလုပ်သမားများနှင့် ပတ်သက်၍ ၎င်းတို့၏ ခံစားခွင့်၊ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီဖြစ်စေရေး လေ့လာကြရန်လိုကြောင်း၊ နောက်ထပ်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုမှာ နိုင်ငံတော်တွင် ပြည်တွင်းတည်ဆဲဥပဒေ ၄၁၉ ခု၊ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော ဥပဒေ ၁၂၈ ခန့်ရှိကြောင်း၊ ယင်းဥပဒေများကို သက်ဆိုင်ရာကော်မတီအလိုက် ဖြန့်ခွဲပေးမည်ဖြစ်၍ ယင်းဥပဒေများကို ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း စသည့် လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ရှိသည့်အနက် ခန့်မှန်း ခြောက်သန်းကျော်ခန့်သည် ပြည်ပသို့ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်ဟု စာရင်းဇယားများအရ သိရှိရကြောင်း၊ ဤမျှများပြားသောပမာဏရှိသည့် အလုပ်သမားများအတွက် ဥပဒေအရ အကာအကွယ်ရရှိရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့် သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေး၍ ပြည်ပရှိအလုပ်သမားများအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းရန် လိုကြောင်း။

ပြည်ပရှိ အလုပ်သမားများအတွက် အကာအကွယ်ပေးရန် အနိမ့်ဆုံးအဆင့် ကော်မတီနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်လိုကြောင်း၊ ဥပဒေများကို ပြင်ဆင်ရေးဆွဲရာတွင် ILO စံချိန်စံညွှန်းများကိုပါလေ့လာ၍ ဂရုပြုရေးဆွဲဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်ပရှိ အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်အကိုင် ရှာဖွေဆောင်ရွက်နေသော အေဂျင်စီများ၏ လုပ်ငန်းစဉ်များကိုလည်း စနစ်တကျလေ့လာသုံးသပ်၍ နိုင်ငံအတွက် နစ်နာမှုမရှိရအောင် ကြိုးပမ်းဆောင်ရွက်သွားရေးလုပ်ငန်းများကိုလည်း အလေးအနက်ထား ဆောင်ရွက်သွားကြစေလိုကြောင်းစသည်ဖြင့် အကျယ်တဝင့်ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ပြည်နယ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများခိုင်မာမှု၊ ညှိနှိုင်းပေါင်းစပ်တာဝန်ယူဆောင်ရွက်မှု၊ အစိုးရနှင့် ပြည်သူပူးပေါင်းပြီး အားတက်သရောဆောင်ရွက်မှုတို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်နီးကပ်စွာ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများက လက်ရှိ ဘဏ္ဍာနှစ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်များ၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ပါတီတစ်ခုသည် -

(က) ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်း ပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒသဘောတရားကို ပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါပြင်ဆင်ချက်များကို ကော်မရှင်သို့တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ခွင့်ပြုပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ၁၅ ဦးထက်မနည်းသော ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အမည်စာရင်းအား ကော်မရှင်သို့တင်ပြရမည်။

(ဂ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်းပြောင်းလဲပါက ကော်မရှင်သို့ ၇ ရက်အတွင်းတင်ပြရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့်ပြည့်စုံသူကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။"

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၅ နည်းဥပဒေခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး၏ ဆက်လက်ရပ်တည်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကော်မရှင်က ဆုံးဖြတ်သတ်မှတ်ပေးရမည်။"

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီ (NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်အောင်မငေးနှင့် နိုင်ဗညားချမ်းနွန်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်အမ်စိုက်ချမ်းနှင့် နိုင်ကွန်းစိုက်နှင့် ရုံးအဖွဲ့မှူး နိုင်ဇော်မင်းဦးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခုဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအရ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်ကာလတွင် ပြည်နယ်များ၌ ပဋိပက္ခများဖြစ်ပွားခဲ့သော်လည်း မွန်ပြည်နယ်သည် တည်ငြိမ်မှုရှိခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို သက်ဆိုင်ရာသို့တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ (NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက NSPNC အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်သည့်နေရာတွင် စေတနာမှန်ကန်မှု၊ နိုင်ငံရေးဆန္ဒနှင့် စိတ်ရှည်သည်းခံမှုတို့နှင့်သာ တည်ဆောက်နိုင်ရေး၊ နိုင်ငံတော်မှ စစ်ရေး၊ နိုင်ငံရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး စသည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးနိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး အသီးအပွင့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရေး၊ အလွတ်သဘော တွေ့ဆုံပွဲမှသည် အနှစ်သာရရှိပြီး အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်နိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် အပြန်အလှန်ယုံကြည်မှုနှင့် စဉ်ဆက်မပြတ် လုပ်ဆောင်ရေးကိစ္စတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မွန်စာပေသင်ကြားနိုင်ရေးကိစ္စ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးအထောက်အပံ့ရရှိရေးကိစ္စ၊ ရေးမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်အနောက်ဘက်ခြမ်း (ဂျိုင်းမြစ်တောင်ဘက်ခြမ်း)၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြောက်ပိုင်းကျေးရွာတို့တွင် သတ်မှတ်ထားသည့်ပုံစံအတိုင်း မွေးစာရင်း အချက်အလက်များကို အတည်ပြုမွေးစာရင်း ထုတ်ပေးနိုင်ရေး၊ လမ်း၊ တံတားများကို ဦးစားပေးအစီအစဉ်အနေဖြင့် ဆောက်လုပ်ပေးရေးကိစ္စနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် အပြန်အလှန် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NMSP မှ တင်ပြသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့် ဒေသတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၆) ကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ်တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်စသည့် ကော်မတီ၏ ရည်ရွယ်ချက် သုံးရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ် မပြည့်သူများ စစ်မှုထမ်းဆောင်မှုမရှိစေရေးဆောင်ရွက်လျက်ရှိရာ ကော်မတီ စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်ထိ ၂၂ နှစ်ကျော် ကာလရှိပြီဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action)ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇွန်လထိ CTFMR မှ ပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၂၃၇၇ ဦးအနက် သံသယစာရင်းမှ ပယ်ဖျက်ရန် စိစစ်ဆဲ ၁၆ ဦးသာ ကျန်ရှိပါကြောင်း။

ထို့ပြင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အရွယ်မရောက်သေးသူကလေးသူငယ်များမပါရှိစေရေး စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၂၄)ထိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းဆင့်ခေါ်ခဲ့သည့် အသက် ၁၈ နှစ် မပြည့်သူ စုစုပေါင်း ၁၁၃ ဦးကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှတစ်ဆင့် မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်း မရှိစေရေးကော်မတီ၏ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ တပ်မတော်အတွင်း အသက်မပြည့်စစ်သည်များ မှားယွင်း စုဆောင်းမှုများရှိပါက တပ်မတော်သာမက နိုင်ငံတော်၏ ပုံရိပ်ကိုပါ ကျဆင်းစေနိုင်သည့်အတွက် တပ်မတော်အတွင်း ကလေးစစ်သည်များ ဝင်ရောက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့် ကလေးသူငယ်များ မပါရှိစေရေးကိုလည်း ကော်မတီဝင်များမှ မိမိတို့ရုံး၊ ဌာနအလိုက် သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအား အသိပညာပေးဟောပြောပို့ချမှုများကို အရှိန်အဟုန်ဖြင့် အမှန်တကယ်လုပ်ဆောင်သွားရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းရန် မှားယွင်းစုဆောင်းမှုမရှိစေရေး ကြိုတင်ကာကွယ်တားဆီးခြင်းများကို ဦးစားပေး အလေးထား စီမံဆောင်ရွက်သွားရန်လိုကြောင်းနှင့် ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်သွားရန်လိုပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း MYDAတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကျင်းပ



**မန္တလေး ဇူလိုင် ၂**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း MYDA တို့ ပူးပေါင်းကျင်းပသည့် “နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၏ အခန်းကဏ္ဍ လူငယ်စကားဝိုင်း”ကို ယနေ့ နံနက် ၉ နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ်သို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် လူငယ်ကိုယ်စားလှယ်များကို ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ်ငါးဦးက “နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနရုံး ဆောက်လုပ်ရန် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ် မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်မှ ၉ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၂၄၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**၂၀၂၆ ခုနှစ် ဇူလိုင် ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**❑ ရိုးရာခြင်းလုံးပြိုင်ပွဲမှ**

ရမှတ် ၁၀၈၆ မှတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၀၆၆ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၉၀၈ မှတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၇၆၁ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၇၃၅ မှတ်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ရမှတ် ၄၉၉ မှတ် အသီးသီးရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး အမျိုးသား၊အမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ လေးပေါက်တန်း အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ခတ်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

**● သရုပ်ပြပွဲကျင်းပမှ**

ကုန်တင်ရေယာဉ်မီးလောင်မှု ဖြစ်စဉ်တွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့ မြေစာရင်းဦးစီးမှူးများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**■ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှ**

ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၈ နာရီတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်း ရပ်ကွက်အနီးတွင် တမူးမြို့ စော်ဘွား(၆)ရပ်ကွက်နေသူများဖြစ်သည့် ထက်ကိုဝင်း ၂၉ နှစ် မောင်းနှင်ပြီး ထက်ထက်ဇော် ခေါ် အငယ်ကောင် ၂၃ နှစ် လိုက်ပါလာသော HILUX SURF အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၆၀၀) ဖမ်းဆီးရမိသဖြင့် ထက်ကိုဝင်း၊ ထက်ထက်ဇော် ခေါ် အငယ်ကောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ယင်းနေ့ ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ဘားအံမြို့ (၉)ရပ်ကွက်နေ သက်အောင်ထွန်း ခေါ် နဂါး ၄၃ နှစ် မောင်းနှင်ပြီး ကော့ကရိတ်မြို့ အမှတ်(၃) ရပ်ကွက်နေ စိုးမျိုးထွန်း ခေါ် ကိုကြီး ၄၃ နှစ်၊ မိုးကောင်းမြို့ နတ်ကြီးကုန်း ရပ်ကွက်နေ မလဖိုင်နန်ဘောက် ၃၁ နှစ် တို့လိုက်ပါလာသော TOYOTA HIACE အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၂၀၅၀၀ (ဆေးတစ်တောင့်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် သက်အောင်ထွန်း ခေါ် နဂါး၊ စိုးမျိုးထွန်း ခေါ် ကိုကြီး၊ မလဖိုင်နန်ဘောက်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)




သက်အောင်ထွန်း ခေါ် နဂါး၊ စိုးမျိုးထွန်း ခေါ် ကိုကြီး၊ မလဖိုင်နန်ဘောက်တို့ကို ဖမ်းဆီးရမိသည့် TRAMADOL ဆေးတောင့်များ၊ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၇-၂၀၂၆ ရက်နေ့မှ ၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၇-၂၀၂၆ ရက်နေ့မှ ၁၀-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**❍ နေရာကွက်၍ မိုးကြီးနိုင်မှ**

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်သဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များကို အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျ ထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်း ဝင်ရောက်မှုကို ကန့်သတ်ပြီး “တာဝန်ရှိသူမှအပ မဝင်ရ” တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ ရေခွက်)များကို ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်းလုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြားအင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံကို ပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များကို အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃**

# ဗင်နီဇွဲလားနိုင်ငံတွင် အင်အားပြင်းအမြွှာငလျင်ကြောင့် သေဆုံးသူ ၂၂၉၅ ဦးထိမြင့်တက်လာပြီး ဒဏ်ရာရရှိသူ ၁၁၂၆၇ ဦးထိရှိလာ



**ကာရာကက်စ် ဇူလိုင် ၂**

ဗင်နီဇွဲလားနိုင်ငံတွင် ဇွန် ၂၄ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်း အမြွှာငလျင်ကြောင့် သေဆုံးသူ ၂၂၉၅ ဦးထိ မြင့်တက်လာပြီး ဒဏ်ရာရရှိသူ ၁၁၂၆၇ ဦးထိ ရှိလာကြောင်း ဗင်နီဇွဲလားအစိုးရ အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

လျင်ဒဏ်သင့်ပြည်သူများကို နေရာချထားနိုင်ရန် La Guaira ပြည်နယ်တွင် ယာယီခိုလှုံရေး စခန်း ၁၃ ခု၊ Caracas တွင် ရှစ်ခု၊ Miranda တွင် နှစ်ခု၊ Carabobo တွင် တစ်ခုနှင့် Yaracuy တွင် တစ်ခု စုစုပေါင်း ယာယီခိုလှုံရေး စခန်း ၂၅ ခု ဖွင့်လှစ်ထားကြောင်း သိရသည်။

"လက်ရှိအချိန်ထိ သေဆုံးသူ ၂၂၉၅ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၁၂၆၇ ဦးရှိပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့တွေ၊ စေတနာ့ဝန်ထမ်းတွေ အပါအဝင် လူအင်အား ၄၀၀၀ ကျော်နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့အတွက် လူပေါင်း ၆၄၆၁ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပါတယ်" ဟု ဗင်နီဇွဲလားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂျော့ဂျ်ရိုဒရီဂွက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

အစိုးရအာဏာပိုင်များသည် ယာယီစခန်းများတွင် လိုအပ်သော အထောက်အပံ့ပစ္စည်းများ အမြန်ဆုံးဖြည့်တင်းပေးနေပြီး နေအိမ်ပျက်စီးဆုံးရှုံးခဲ့ရသူများကို ဘေးကင်းရာ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတဲများဆီသို့ အမြန်ရွှေ့ပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံတွင် အမြွှာငလျင်လှုပ်ပြီးချိန်မှစတင်၍ ယနေ့ထိ နောက်ဆက်တွဲငလျင် ရာနှင့်ချီလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# နယူးဇီလန်နိုင်ငံတွင် အယ်နီညိုရာသီဥတု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ဝယ်လင်တန် ဇူလိုင် ၂**

နယူးဇီလန်နိုင်ငံတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်မှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း နယူးဇီလန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်နီညိုရာသီဥတုသည် ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန်မှ စတင်လာခဲ့ခြင်းဖြစ်ပြီး ဇူလိုင်လအတွင်း အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုနှုန်းမှာ အဆိုးရွားဆုံးသော အဆင့်သို့ ရောက်လာနိုင်ကြောင်း၊ အယ်နီညိုရာသီဥတုဖြစ်ပေါ်မှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပြီးဖြစ်သည့်အတွက်ကြောင့် နိုင်ငံတော်အဆင့်ဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နယူးဇီလန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"နယူးဇီလန်နိုင်ငံမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အယ်နီညိုရာသီဥတုနဲ့ ရင်ဆိုင်နေရပါတယ်။ နိုင်ငံရဲ့ ဧရိယာ ၈၀ ရာခိုင်နှုန်းလောက်ထိ အယ်နီညိုရာသီဥတုရဲ့ရိုက်ခတ်မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဇူလိုင်လကနေ စက်တင်ဘာလအတွင်း အယ်နီညိုရာသီဥတုရဲ့ဆိုးရွားတဲ့ ရိုက်ခတ်မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဒါ့ကြောင့် အယ်နီညိုရာသီဥတု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်ရေရှားပါးမှုတွေ၊ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပြီး အပူချိန်မြင့်တက်မှုတွေကြောင့် တောမီးလောင်ကျွမ်းတာတွေဖြစ်လာနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်။ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်တဲ့အတွက် နိုင်ငံတော်အဆင့် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု နယူးဇီလန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဂရိနိုင်ငံမြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်များ ပျက်စီး

**အေသင် ဇူလိုင် ၂**

ဂရိနိုင်ငံ မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနေသောကြောင့် လူနေအိမ်များပျက်စီးခဲ့ကြောင်း ဂရိမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် တက်ဆာလိုနီကီမြို့သို့ ကူးစက်လောင်ကျွမ်းနေခြင်းဖြစ်ပြီး လေတိုက်နှုန်းမြင့်မားမှုကြောင့် တောမီးကူးစက်မှုနှုန်း မြန်ဆန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရပြီး အချိန်မီဘေးလွတ်ရာ ရွှေ့ပြောင်း နိုင်ခြင်းမရှိသည့် ဒေသခံများအနက် ဒေသခံနှစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ အပူချိန်မြင့်တက်နေသည့် အတွက်ကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"တက်ဆာလိုနီကီမြို့အနီးမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေဆီ ကူးစက်လောင်ကျွမ်းနေပြီးတော့ ဒေသခံတွေအနေနဲ့လဲ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ တောမီးကူးစက်လောင်ကျွမ်းတာကြောင့် လူနှစ်ဦးသေဆုံးခဲ့ပါတယ်။ အချိန်မီဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် အခုလိုဝမ်းနည်းစရာ အဖြစ်အပျက်နဲ့ ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ လေကြောင်းအကူအညီလဲ ရယူထားပါတယ်" ဟု ဂရိမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အိုင်ဗရီကိုစ့်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများဖြစ်ပွားခဲ့

**အဘစ်ဂျန် ဇူလိုင် ၂**

အိုင်ဗရီကိုစ့်နိုင်ငံတွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုများကြောင့် မြို့တော်အဘစ်ဂျန် အပါအဝင် ဒေသအများအပြား၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း အစိုးရက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၁ ရက်က ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအပြီး၌ အစိုးရပြောရေးဆိုခွင့်ရှိသူ အမာဒူ ကူလီဘာလီက ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ရေဘေးသင့်ဒေသများတွင် အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ရေဘေးဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှု၊ မြေပြိုကျမှု တို့ကြောင့် သေဆုံးသူ ၅၉ ဦးထိ မြင့်တက်လာပြီး လူနေအိမ်အများအပြား ပျက်စီးခဲ့ရသည့်အပြင် လမ်းတံတားနှင့် အခြေခံအဆောက်အအုံများလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊ အချို့ဒေသများတွင် လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေ ပြတ်တောက်မှုများ ဖြစ်ပေါ်နေသဖြင့် ဒေသခံများ၏ နေ့စဉ်ဘဝကို များစွာထိခိုက်နေကြောင်း သိရသည်။

အာဏာပိုင်များက ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာနေရာများနှင့် ယာယီခိုလှုံရေးစခန်းများသို့ ရွှေ့ပြောင်းပေးနေပြီး စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိသည့်အပြင် မိုးဆက်လက်ရွာသွန်းနိုင်သဖြင့် မြေနိမ့်ပိုင်းဒေသများနှင့် ရေကြီးနိုင်ခြေရှိသည့် နေရာများတွင် နေထိုင်သူများကို သတိထားနေထိုင်ကြရန်နှင့် မိုးလေဝသ ညွှန်ကြားချက်များကို လိုက်နာကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ရိုမေးနီးယားနိုင်ငံတွင် အားကောင်းသည့်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

**ဘူခါရက်စ် ဇူလိုင် ၂**

ရိုမေးနီးယားနိုင်ငံတွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း ရိုမေးနီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းသည် ဘူခါရက်စ်မြို့ကိုဗဟိုပြု၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေကြောင်း၊ အရေးပေါ်အကူအညီ တောင်းခံမှုများ အတွက်လည်း ကယ်ဆယ်ရေး ဝန်ထမ်းများ စေလွှတ်ကာ ဒေသခံများအတွက် လိုအပ်သော အကူအညီပေးရေး လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ မုန်တိုင်းသည် ဘူခါရက်စ်မြို့ကို ဗဟိုပြုပြီးနောက် မြို့ရွာပေါင်း ၆၀ ကို ဖြတ်သန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်း ဖြတ်သန်းရာ လမ်းကြောင်း တစ်လျှောက် ပျက်စီးမှုနှုန်း မြင့်မားခဲ့ကြောင်း ရိုမေးနီးယား မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

"အားကောင်းတဲ့ မုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့ပါတယ်။ ဘူခါရက်စ်မြို့ကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီးတော့ မြို့ရွာပေါင်း ၆၀ ကျော်ကို ဖြတ်သန်းတိုက်ခတ်သွားခဲ့ပါတယ်။ မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ပျက်စီးမှုတွေရှိခဲ့ပါတယ်။ မုန်တိုင်းကြောင့် ဒေသခံတစ်ဦး သေဆုံးသွားခဲ့ပါတယ်။ ဒေသခံတချို့လဲဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီးတော့ နေရာတချို့မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့လဲ ရေလွှမ်းနေတဲ့အတွက်ကြောင့် လမ်းတွေကို ယာယီပိတ်ထားရပါတယ်" ဟု ရိုမေးနီးယားအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြဲမြဲ**

# ကလေးတစ်ယောက်ကျွေးတဲ့ထမင်း

ဆူးသစ်

၁၉၉၄ ခုနှစ်တုန်းက ကျွန်တော်ဟာ ရန်ကုန်စက်မှုတက္ကသိုလ် (ယခု ရန်ကုန်နည်းပညာတက္ကသိုလ်)မှာ ဒုတိယနှစ်ကျောင်းသားဘဝနဲ့ ကျောင်းတက်နေတဲ့အချိန်ပေါ့။ ကျွန်တော်တို့ကျောင်းရဲ့ထုံးစံအရ ဒုတိယနှစ်ရမှတ်နဲ့ ကျွန်တော်တို့လိုချင်တဲ့မေဂျာကို ခွဲပေးပါတယ်။ ပြောရရင် ဆယ်တန်းမှာ အောင်မှတ်နဲ့ ဆေးတို့၊ စက်မှုတို့ ခွဲသလို ကျွန်တော်တို့စက်မှုတက္ကသိုလ်မှာလဲ အီးစီ (အီလက်ထရွန်နစ်)၊ မြို့ပြ၊ စက်မှု စသဖြင့် မေဂျာဘာသာရပ်တွေကို ဒုတိယနှစ်အောင်မှတ်နဲ့ခွဲပါတယ်။

ဒီအတွက် ကျွန်တော်တို့မှာ ဆယ်တန်းလိုဒုတိယအကြိမ် ဝန်ပြန်ပိပါတယ်။ စက်မှုတက္ကသိုလ်ရောက်ပြီး ကိုယ်လိုချင်တဲ့ဘာသာရပ် မရမှာလဲ စိတ်ပူရသေးတာကိုး။ ဒါနဲ့ပဲ စာတွေကို ပိုလုပ်ရတာပါပဲ။

ဒီနေရာမှာ အခက်အခဲရှိတာက ကျွန်တော်တို့အိမ်ကနေ ကျောင်းထိ သွားရေးလာရေးပါပဲ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)နဲ့ အင်းစိန်၊ ကြို့ကုန်းဆိုတာ ဘာမှမဝေးဘူးထင်ရပေမဲ့ အဲဒီအချိန်က ကျွန်တော်တို့အိမ်နားမှာ ကားဂိတ်မရှိပါဘူး။ ကားဂိတ်နဲ့ အိမ်က နာရီဝက်လောက် လမ်းလျှောက်ရပါတယ်။ ပြီးရင် ကားနှစ်ဆင့်စီးရပါတယ်။ နှစ်ဆင့်စလုံး ကားရှားပါတယ်။

ကားပြောင်းစီးတဲ့နေရာမှာဆိုရင် လာသမျှကားက လူအမြဲအပြည့်ပါလာတတ်လို့ ကျောင်းချိန်မမီမှာစိုးလို့ ထမင်းဘူးအရင်ပစ်တင်ပြီးမှ ငါ့ထမင်းဘူးပါသွားပြီဆိုပြီး လူမပါပါအောင် တွေ့ရာဖက်လိုက်ရတာပါပဲ။ ဒီတော့ ၈ နာရီအတန်းရှိတဲ့နေ့ဆို မိုးမလင်းခင်ကတည်းကထရတာ အကျင့်ဖြစ်နေပါပြီ။ ဒါပေမဲ့ စာကြည့်ချိန်လျော့တာလဲ သတိထားမိလာပါတယ်။

ဒီတော့ ကိုယ်လိုချင်တဲ့မေဂျာမရမှာစိုးလို့ စိတ်ပူပြီး အဆောင်ငှားနေဖို့ အိမ်နဲ့ တိုင်ပင်ရပါတယ်။ ကျွန်တော်တို့နေတဲ့နေရာက ရန်ကုန်စည်ပင်နယ်နိမိတ်ထဲပါလို့ ကျောင်းက အဆောင်မရတဲ့အတွက် အပြင်ဆောင်ငှားနေဖို့ပါ။ မိဘတွေက သဘောတူတော့ ကျောင်းနားမှာအဆောင်ငှားနေဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့အိမ်ရဲ့စီးပွားရေးဟာ အခက်အခဲဖြစ်နေတဲ့အချိန်ပါ။ ဒီကြားထဲကနေ မဖြစ်ဖြစ်အောင် အဆောင်ထားပေးခဲ့တဲ့ အဖေနဲ့အမေရဲ့ကျေးဇူးကို ဒီနေ့ထိ မမေ့သေးပါဘူး။

ကျွန်တော့်ဘဝမှာ အဲဒီအချိန်ဟာ ပထမဆုံးအကြိမ် အဆောင်နေဖူးခြင်းပါပဲ။ အိမ်ကနေခွဲပြီး တခြားသူတွေနဲ့ ပထမဆုံးအကြိမ်ရောနှောနေရခြင်းပါပဲ။ ဒီမှာပဲ လူ့ဘဝမှာ ဘယ်လိုကြုံတွေ့ရနိုင်တယ်ဆိုတာ သိလာရတော့တာပါပဲ။

အဆောင်ပိုင်ရှင်က မေ့တတ်လို့ အဆောင်လခပေးပြီးလဲ မရသေးဘူးဆိုပြီး အခန်းရှေ့မှာ စာလာထားသွားတာမျိုးလဲ ကြုံရရဲ့။ မိုးလင်းစ ကိုယ်က ကျောင်းသွားဖို့ပြင်နေတဲ့အချိန် ရေချိုးခါနီး ရေမရှိတာလဲ တွေ့ရရဲ့။ အိမ်သာတက်ချင်ခါမှ လူပြည့်နေတာလဲရှိရဲ့။

ကျန်တာတွေကခံသာပေမဲ့ လခပေးပြီးသားကို မပေးရသေးဘူးဆိုပြီး စာလာထားသွားတာတော့ တော်တော်ခံရခက်လှတယ်။ တစ်နေကုန် စာပိပြီး ပင်ပင်ပန်းပန်းနဲ့ပြန်လာတဲ့အချိန် နားမယ်ကြံတုန်း သော့မှာညှပ်ထားတဲ့စာက စိတ်ဖိစီးတာပေါ့။ "မောင်ဘယ်သူရေ၊ အဆောင်လခကိစ္စမေးစရာရှိလို့ လာပါအုံး"ဆိုတဲ့ စာက ရင်မောရတာပေါ့။

တစ်ခုကောင်းတာက အဲဒီတုန်းက ကျွန်တော်နဲ့အတူ သူငယ်ချင်းနှစ်ယောက်၊ သုံးယောက် စုနေတော့ ဖြေရှင်းရလွယ်တာပေါ့။ ဘယ်နေ့က ဘယ်သူရှိတယ်ဆိုပြီးရှင်းပြမှ ကျေနပ်သွားပါရော။

ဒီနေရာမှာပြောပြစရာတစ်ခုရှိတာက ကျွန်တော်တို့အားလုံး ထမင်းကို ဝယ်စားရတဲ့သူတွေချည်းပါပဲ။ အဆောင်ရဲ့သဘာဝ စာကြည့်ဖို့ မီးပေးတာတောင် မီးသီးပဲရပါတယ်။ ညဘက် ဘယ်နှနာရီကနေ မနက်ဘယ်နှနာရီထိဆိုတာမျိုးပါ။ အခန်းထဲမှာ ပလပ်ပေါက်တစ်ခုမှမရှိပါဘူး။ ပလပ်ပေါက်နေရာမှာ ငုတ်စပဲရှိပါတယ်။

ကျွန်တော်တို့လို ကျောင်းသားမဟုတ်ဘဲ အလုပ်လုပ်တဲ့ဝန်ထမ်းဆိုရင်တော့ မီးသွေးမီးဖိုနဲ့ ကိုယ့်ဘာသာချက်စားလို့ရပါတယ်။ ကျွန်တော်တို့ဘေးခန်းက လူတစ်ယောက်ဆို သူ့ဘာသာချက်စားပါတယ်။

**❖ ကျွန်တော်လဲ ရုတ်တရက်ဆိုတော့ ကြောင်သွားပါတယ်။ "ဘာတွေလဲ၊ ဘာလုပ်ဖို့လဲ"ဆိုတော့ ထမင်းထုပ်ကိုင်ထားတဲ့ကလေးကပဲ "ဦး စားဖို့လေ၊ ဦးက ထမင်းဝယ်စားနေရတာမဟုတ်လား။ သမီးတို့ ဒီမနက်ထမင်းထချက်ရင်းနဲ့ ဦးအတွက် ပိုချက်ထားတာလေ"လို့ ဖြေပါတယ်။ ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွားပါတယ်။ "ဘာဖြစ်လို့ ဦးကိုလာပေးတာလဲ၊ သမီးတို့ ပြန်ယူသွား အဆူခံထိအုံးမယ်"ဆိုတော့ "ဘယ်သူမှမသိပါဘူးဦးရဲ့။ သမီးတို့ဘာသာယူလာတာ"ဆိုပြီးထပ်ပြောပါတယ်။ ကျွန်တော့်ရင်ဘတ်ထဲ ဆို့လာပါတယ်။ အဲဒီလိုပြောပြီး ထမင်းထုပ်ကိုထိုးပေးတဲ့ကလေးက ကျွန်တော်အခန်းကို ထမင်းခိုးချက်တာ လာချောင်းတဲ့ကလေးပါ။ ❖**

ဝန်ထမ်းဆိုတော့လဲ အဆောင်လစာနဲ့ ထမင်းဝယ်စားရင် မလွယ်ဘူးထင်ပါရဲ့။ သူနဲ့လဲ ယောက်ျားလေးချင်းဆိုတော့ ရင်းနှီးသွားပါတယ်။

ကျွန်တော်တို့အဆောင်ပိုင်ရှင်မှာ ခိုင်းဖို့ခေါ်ထားတဲ့လူတွေရှိပါတယ်။ အဲဒီအထဲမှာ ကလေးတချို့လဲရှိနေပါတယ်။ အဆောင်မှာ စနေစဉ်က မရင်းနှီးပေမဲ့ ကျွန်တော်တို့အခန်းတွေ သန့်ရှင်းရေးလုပ်ဖို့ သူတို့လာတိုင်း ကျွန်တော်တို့သူငယ်ချင်းအုပ်စုက စလိုက်နောက်လိုက်လုပ်တော့ ခင်သွားပါတယ်။ ဒီကလေးတွေကတော့ အဆောင်တစ်ဆောင်လုံးလျှောက်သွားနေကြတာပါပဲ။ အဆောင်ပိုင်ရှင်က စုံစမ်းထောက်လှမ်းခိုင်းထားတဲ့ သူလျှိုတွေလဲ ဖြစ်နိုင်တယ်လို့တော့ ထင်မိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လူရဲ့သဘာဝအရ ကြာလာတော့လဲ ဒီကလေးတွေနဲ့ ကျွန်တော်တို့အဖွဲ့ သံယောဇဉ်ဖြစ်လာပါတယ်။ ကျွန်တော်တို့အဖွဲ့ အိမ်ခဏပြန်ပြီး ပြန်လာရင် ရိက္ခာ(စားစရာ)တွေ ပြန်ပါလာတတ်လို့ မုန့်တွေပါလာရင် သူတို့ကလေးတွေကို ဝေကျွေးဖြစ်ပါတယ်။ အဲဒီအခါ သူတို့တစ်တွေရဲ့ ပျော်သွားတဲ့မျက်နှာတွေကြည့်ပြီး ကျွန်တော်တို့ ကြည်နူးရပါတယ်။ အသက် ၁၀ နှစ်လောက်အရွယ် ကလေးတွေနဲ့ ကျွန်တော်တို့အဖွဲ့ အဖွဲ့ကျနေခဲ့ကြတာ အဲဒီလိုပါ။

ဒါပေမဲ့ တစ်ရက်မှာတော့ ကျွန်တော်တစ်ယောက်တည်းထမင်းခိုးချက်စားချိန် တံခါးခေါက်သံကြားရပါတယ်။ ကျွန်တော်လဲ ထမင်းအိုးကို ဝိုင်ယာကြိုးဖြုတ်ပြီး ခုတင်အောက်မှာ အမြန်ဝှက်ရပါတယ်။ ပြီးမှ တံခါးဖွင့်လိုက်တော့ အဆောင်က ကလေးတစ်ယောက်တွေ့ရပါတယ်။ သူ့မျက်လုံးကတော့ ကျွန်တော်အခန်းကို လျှောက်ကြည့်နေပါတယ်။

အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်အနေနဲ့ ကလေးတစ်ယောက်က အဲဒီလိုကြည့်တဲ့အကြည့်ကို ရက်မိသလို အဆောင်ပိုင်ရှင်များ ဘာကိုရိပ်မိသလဲဆိုပြီး ထိတ်လန့်နေပါတယ်။ "သမီးဘာကိစ္စရှိလို့လဲ" လို့ မေးလိုက်ရပါတယ်။ "သမီးသန့်ရှင်းရေးလုပ်ပေးရမလား"လို့မေးချင်လို့ပါတဲ့။ ပြီးတော့ ခုတင်အောက်ကို ငုံ့ကြည့်ပါတယ်။ ဒါနဲ့ပဲ ကျွန်တော်က အမှန်အတိုင်းမေးလိုက်ပါတယ်။ "သမီး ဘာရှာနေတာလဲ" လို့။ "ဘာမှမဟုတ်ပါဘူး ဦးရယ်"ဆိုပြီး ထွက်သွားပါတယ်။

အခန်းတံခါးပြန်ပိတ်ပြီးချိန်မှာတော့ ကျွန်တော်ပြန်စဉ်းစားပါတယ်။ ထမင်းခိုးချက်တယ်လို့ သံသယရှိလို့လာကြည့်တာတော့ သေချာတယ်။ ဘယ်လိုသိလဲဆိုတာပါပဲ။ ထမင်းချက်ရင် ကျက်ခါနီးမှာ အနံ့ထွက်တတ်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ပြန်မရောက်သေးလို့ မသိလောက်ဘူးထင်ချိန်မှာ သိသွားတာက ထူးဆန်းပါတယ်။ ဒီကလေးတွေက အဆောင်ဘက်ကို သတ်မှတ်ချိန်မှလာတတ်တာပါ။ နောက်ဆုံးတော့ အဖြေတစ်ခုရလိုက်ပါတယ်။ ကျွန်တော် စာထဲစိတ်ရောက်သွားချိန်မှာ ဘေးခန်းက ကျွန်တော်တို့နဲ့ရင်းနှီးတဲ့ ထမင်းအိုးကို မီးသွေးနဲ့ ကိုယ့်ဘာသာတည်စားတဲ့သူပြန်ရောက်လာပြီး ရေသွားချိုးချိန်မှာ ဒီကလေးကို ပြောလိုက်တာပါ။ သူရောက်လာတာမသိဘဲနဲ့ သူရေချိုးပြီးပြန်လာတာတွေ့မှ အတွေးတစ်ခု ဖျတ်ခနဲရလိုက်တာပါ။

ကျွန်တော်နဲ့အနီးဆုံးလူတွေထဲမှာ သူပဲ အစောဆုံးပြန်ရောက်တာကိုး။ ကျွန်တော်သူငယ်ချင်းတွေရော တခြားကျောင်းသားတွေပါ ရောက်မှမရောက်ကြသေးတာ။

ဒီမှာပဲ တွေ့ရင်ပြုံးပြနှုတ်ဆက်၊ နောက်ကျောကခါးနဲ့ထိုးတဲ့လူတွေရဲ့သဘောထားကို သိလိုက်ရတာပါပဲ။ အဲဒီလူဆို တော်တော်ရင်းနှီးနေပြီလို့တောင် ထင်ထားခဲ့တာ။

ကျွန်တော်သူငယ်ချင်းတွေကို ပြောပြတော့ သူတို့လဲ အဲဒီလူပဲလို့ ကောက်ချက်ချပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့အားလုံး ထမင်းခိုးမချက်တော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။ ဖြစ်ချင်တော့ စာမေးပွဲကနီး တချို့သူငယ်ချင်းတွေလဲအိမ်ပြန်နဲ့ များသောအားဖြင့် ကျောင်းချိန်ကလွဲရင် ကျွန်တော်ပဲ အဆောင်မှာကျန်ခဲ့တော့တာပါပဲ။

ဒီလိုနဲ့ ပိတ်ရက်တစ်ရက်မှာ ကျွန်တော်စာကြည့်နေတုန်း တံခါးခေါက်သံ ကြားလိုက်ရပါတယ်။ "ဘယ်သူလဲ"လို့မေးတော့ "ဦး တံခါးဖွင့်ပါဦး" ဆိုတဲ့ အသံနဲ့ ကလေးတစ်ယောက်ရဲ့အသံ ကြားပါတယ်။ ဒီကလေးတွေမှာ စည်းရှိတာတစ်ခုက တော်ရုံတန်ရုံကိစ္စဆို တံခါးမခေါက်ဘူး။ အဆောင်ပိုင်ရှင်က ခိုင်းတဲ့ကိစ္စမှ တံခါးခေါက်တာပါ။ သန့်ရှင်းရေးတောင် အခန်းပိုင်ရှင်ကသဘောမတူရင် စကြီလမ်းပဲလုပ်ပြီး အခန်းထဲမဝင်ပါဘူး။ များသောအားဖြင့် ကျောင်းသားတွေချည်းပဲမို့ပါ။

ကျွန်တော်ကတော့ စာကြည့်လက်စမို့ အာရုံပျက်လို့ နည်းနည်းတော့ စိတ်ရှုပ်သွားတာအမှန်ပါပဲ။ ထမင်းလဲခိုးမချက်တော့လို့ လိပ်ပြာလဲ သန့်တာကြောင့် တံခါးထဖွင့်ပေးလိုက်ပါတယ်။ အဲဒီမှာပဲ အခန်းအပြင်မှာရပ်ပြီး ကျွန်တော့်ကို မော့ကြည့်နေတဲ့ ကလေးသုံးယောက်ကို တွေ့ပါတယ်။ "ကဲ…ပြော၊ ဘာကိစ္စလဲ၊ ဦး စာကြည့်နေလို့"ဆိုပြီး မေးတော့ တစ်ယောက်က ကြွပ်ကြွပ်အိတ်အဝါရောင်တစ်လုံး ထုတ်ပြပါတယ်။ အထဲမှာတော့ ထမင်းတွေ။ ပြီးတော့ အငွေ့တထောင်းထောင်းထလို့။

ကျွန်တော်လဲ ရုတ်တရက်ဆိုတော့ ကြောင်သွားပါတယ်။ "ဘာတွေလဲ၊ ဘာလုပ်ဖို့လဲ"ဆိုတော့ ထမင်းထုပ်ကိုင်ထားတဲ့ကလေးကပဲ "ဦး စားဖို့လေ၊ ဦးက ထမင်းဝယ်စားနေရတာ မဟုတ်လား။ သမီးတို့ ဒီမနက် ထမင်းထချက်ရင်းနဲ့ ဦးအတွက် ပိုချက်ထားတာလေ"လို့ ဖြေပါတယ်။ ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွားပါတယ်။

"ဘာဖြစ်လို့ ဦးကိုလာပေးတာလဲ၊ သမီးတို့ ပြန်ယူသွား အဆူခံထိအုံးမယ်"ဆိုတော့ "ဘယ်သူမှ မသိပါဘူး ဦးရဲ့။ သမီးတို့ဘာသာယူလာတာ"ဆိုပြီး ထပ်ပြောပါတယ်။ ကျွန်တော့်ရင်ဘတ်ထဲ ဆို့လာပါတယ်။ အဲဒီလိုပြောပြီး ထမင်းထုပ်ကိုထိုးပေးတဲ့ကလေးက ကျွန်တော်အခန်းကို ထမင်းခိုးချက်တာ လာချောင်းတဲ့ကလေးပါ။

ကျွန်တော်လဲ စာကြည့်ဖို့ရှိနေတာရယ်၊ တခြားလူတွေသိရင် ကလေးတွေအတွက် ဒုက္ခဖြစ်မှာစိုးတာရယ်တွေးပြီး ထမင်းထုပ်ကို ယူထားလိုက်ပါတယ်။ ထမင်းထုပ်ကို စားပွဲပေါ်တင်ပြီး ကျွန်တော့်မုန့်ပုံးထဲက မုန့်တွေယူပြီး ဝေပေးလိုက်ပါတယ်။ ပြီးတော့ "နောက်ဆို ယူမလာနဲ့တော့နော်"လို့ပြောပြီး ပြန်ခိုင်းလိုက်ပါတယ်။ မုန့်တွေယူပြီး ဝမ်းပန်းတသာနဲ့ ပြန်သွားတာကြည့်ရင်း ကျွန်တော့်အခန်းတံခါးကို ပိတ်လိုက်မိပါတယ်။

အခန်းထဲမှာပြန်ထိုင်မိတဲ့အချိန်မှာတော့ မျက်ရည်ဝဲမတတ်ခံစားရတဲ့ခံစားမှုမျိုးကို ရပါတော့တယ်။ လူတချို့ မေတ္တာတရား၊ ကိုယ်ချင်းစာတရား စတာတွေခေါင်းပါးပြီး လောဘ၊ ဒေါသ၊ မစ္ဆရိယစိတ်တွေ လွှမ်းမိုးနေချိန်မှာ တချို့ကလေးတွေမှာတော့ စာနာမှုတို့ မေတ္တာတရားတို့ဆိုတာတွေကို ဖြူဖြူစင်စင်နဲ့ သိမ်းပိုက်ထားပါလားကွာ။

အဲဒီ ထမင်းထုပ်ကလေးကနေ လူတွေအပေါ် စေတနာ၊ မေတ္တာထားရင် အဲဒီအတိုင်း ခံစားရပါလားလို့ သုံးသပ်လို့ရသလို လူတစ်ယောက်ရဲ့ဘဝမှာ မိဘဆွေမျိုးသားချင်းတွေနဲ့ ဝေးနေချိန်မှာတောင် လူသားဆန်တဲ့စိတ်ရှိနေသရွေ့ ဘယ်တော့မှ အထီးမကျန်ဘူးရယ်လို့လဲ ခံစားမိစေခဲ့တာပါပဲ။

စေတနာမေတ္တာနဲ့တုံ့ပြန်ကျွေးလိုက်တဲ့ ထမင်းတစ်နပ်ဟာ ကလေးက ကျွေးကျွေး၊ လူကြီးက ကျွေးကျွေး စေတနာ၊ မေတ္တာနဲ့လုပ်ရပ်အပေါ်တုံ့ပြန်တာမျိုးဖြစ်ရင် တော်တော်ကျေနပ်ဖို့ကောင်းပါပြီ။

ကျွန်တော်ဘဝမှာတော့ တစ်ကြိမ်စားဖူးရုံနဲ့တင် ကလေးတစ်ယောက်ကျွေးတဲ့ထမင်းဟာ ကာလများစွာမှာ လူတွေနဲ့ရင်ဆိုင်ရတိုင်း ခွန်အားဖြစ်အသိဉာဏ်သစ် အားစစ်လို့ အမြဲတမ်းမမေ့နိုင်တော့ပါဘူး။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၇၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၇၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၄၀၃၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေ၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ချောင်းဆုံမြို့နယ် ကွမ်သဲကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ချောင်းဆုံ ဇူလိုင် ၂

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်သဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကွမ်သဲကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ သုတ

**စာပေမြင့်မှ လူမျိုးတင့်မည်**









## ပြည်တွင်းဘုရားဖူးခရီးစဉ် (GUIDE) သင်တန်းတက်ရောက်ရန် ဖိတ်ခေါ် ခြင်း

မြန်မာနိုင်ငံပြည်တွင်းဘုရား နှင့် ခရီးသွားဝန်ဆောင်မှုအသင်း (DPTOA) (မန္တလေးဇုံ - အထက်မြန်မာပြည်)မှ ကြီးမှူး၍ ပြည်တွင်းခရီးစဉ် လမ်းကြောင်းတာဝန်ခံ (GUIDE) သင်တန်းကို မန္တလေးမြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

| | |
|---|---|
| သင်တန်းကာလ | - 2026 AUGUST (၃)ရက်မှ (၂၁)ရက်အထိ (စနေ ၊ တနင်္ဂနွေပိတ်ရက်) |
| သင်တန်းပြီးဆုံးပါက | - သင်တန်းဆင်းလက်မှတ် + GUIDE CARD (ခရီးသွားလုပ်ငန်းအလုပ်အကိုင်အခွင့်အလမ်းများရရှိမည်) |
| သင်ကြားမည့်ဘာသာရပ်များ | - Tourism , Industry, Destination Knowledge,Guide Skills, Tourism Law & Ethics, သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် |

ခရီးစဉ်လမ်းကြောင်းများတွင် GUIDE CARD များစိစစ်အရေးယူတော့မည်ဖြစ်၍ လုပ်ငန်းရှင်များ အသင်းရုံးသို့ ဆက်သွယ်ရန် နိုးဆော်အပ်ပါသည်။ ခရီးသွားဝါသနာပါသူများလည်း တစ်ရောက်သင့်သည့် သင်တန်းဖြစ်သဖြင့် တက်ရောက်လိုသူများ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

လျှောက်လွှာစတင်လက်ခံသည့်နေ့ - (၃-၇-၂၀၂၆) လျှောက်လွှာပိတ်မည့်နေ့ - (၂၃-၇-၂၀၂၆)

ဆက်သွယ်ရန် - Travel Go Office (ယာယီရုံး) ၊ ၇၆လမ်း ၊ ၂၇ × ၂၈လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့။

09-441009993, 09-402647748, 09-974570454, 09-5165866

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အထက မြကံသာ Grade-6 တွင် ပညာသင်ကြားနေသော မပြည့်ပြည့်ဝင်း၏ ဖခင်အမည်မှန်မှာ **ဦးဝေဖြိုးသူ** ဖြစ်ပါကြောင်း။

**ဦးဝေဖြိုးသူ(၅/ဝလန(နိုင်)၁၅၁၆၉၈)**

## ဖခင်အမည်မှန်

မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြား နေသော မယွန်းမိမိအောင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးစိုးနိုင်ထူး** ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်ထူး(၅/ဝလန(နိုင်)၀၉၉၉၄၅)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၂) ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ကောင်းထွဋ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ **ဦးဘိုဘိုဝင်း** ဖြစ်ပါကြောင်း။

**ဦးဘိုဘိုဝင်း(၉/မရတ(နိုင်)၁၀၈၉၄၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင် ကြားနေသော မဖြိုးပပဝင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ **ဦးကျော်စန်းဝင်း** ဖြစ်ပါကြောင်း။

**ဦးကျော်စန်းဝင်း(၉/ခမစ(နိုင်)၀၀၈၅၀၃)**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ မယ်ဟန်ကျေးရွာအုပ်စု၊ မယ်ဟန်ကျေးရွာရပ်ကွက်(၅) နေ သင်းသင်းခိုင် (ခ) အားရင် (ဘ) ဦးကျင်းရောင်(၁၃/လရန(နိုင်)၂၁၇ ၁၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-179837)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-683018938**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ မကျီးစုရွာနေ မောင်သူလွင်အောင် (ဘ) ဦးထွန်းထွန်းဦး(၉/မခန(နိုင်)၂၆၀၄၅၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(ME-587597)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-767220119**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၁၇ + ၂၇-ခ)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဦးဝင်းစိုးကြည်(၉/မခန(နိုင်)၀၆၁၆၂၅)ကိုင်ဆောင်သူမှ အလျား ၁၈၃'၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံဆောက်လုပ်ခွင့် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဂန္ဓာရုံ ဘက(၁)အထကခွဲ၊ Grade-10 တွင် ပညာသင်ကြား နေသော (ဘ) ဦးဝင်းမျိုးထွန်း၏သား မောင်ချွန်ဂျင်ရန် အား **မောင်ကောင်းသန့်ပြည့်စုံ** ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ကောင်းသန့်ပြည့်စုံ**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဖျာဒိုးရွာ၊ အမှတ်(၂၁၃) တော်ဝင်လမ်းနှင့် ပတ္တမြားလမ်းကြား၊ ပညာမြတ်ပန်းတိုင်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇေယံလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဖွားတင်** ဖြစ်ပါကြောင်းနှင့် မောင်ဇေယံလင်း၏ မွေးသက္ကရာဇ်အမှန်မှာ **၁၀-၃-၂၀၀၉** ဖြစ်ပါကြောင်း။

**ဦးဖွားတင်၊ ၁၀-၃-၂၀၀၉**

## ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့၊ ညောင်လွန့်အုပ်စု၊ ဘူတာကုန်းရပ်ကွက်နေ ဇင်မြင့်ထွန်း (ဘ) ဦးကျော်ရင်(၉/တကန(နိုင်)၁၃၀၆၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-954623212**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကား ပြောကြားရာတွင် ယနေ့ မိမိတို့နေထိုင်သည့်ကမ္ဘာမြေတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြရသည့် ပြဿနာသည် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံး အဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲအုပ်စုပွဲစဉ်များအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၂၁၅ မှတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနအသင်းက

စာမျက်နှာ ၂၇ ကော်လံ ၁ ❑

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

စာမျက်နှာ - ၂၅

## စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်တွင် ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်တွင် ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော

စာမျက်နှာ ၂၇ ကော်လံ ၁ ■

ထက်ထက်ဇော်
ခေါ်
အငယ်ကောင်၊
ထက်ကိုဝင်း
တို့ကို
ဖမ်းဆီးရမိ
စိတ်ကြွရူးသွပ်
ဆေးပြားများနှင့်အတူ
တွေ့ရစဉ်။



## အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိရေး အမျိုးသမီးကဏ္ဍ မြှင့်တင်ပေး

ဆောင်းပါး စာမျက်နှာ - ၁၀

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။